# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၀၀)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၁၂ ရက် ၊ ၃-၁၀-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးနှင့် သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ပြင်ဦးလွင် - ဂုတ်ထိပ် - နောင်ပိန် ရထားလမ်းပိုင်း၌ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်မီးသွေးသုံးမီးရထားများ ပြေးဆွဲနိုင်ရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ဘူတာကြီးသို့ ရောက်ရှိကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/စလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၃ ရက်၊ သောကြာနေ့။

မန္တလေး

## လူငယ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေး

ကိုယ်ကျင့်တရားဟူသည် ကိုယ်၊ နှုတ်စောင့်စည်းထိန်းသိမ်းမှုပင်ဖြစ်သည်။ မိမိလုပ်သောအလုပ် မိမိပြောသောစကား၊ မိမိတွေးသောအတွေးအကြံမှန်သမျှသည် ရိုးသားဖြောင့်မတ်ရမည်ဖြစ် သည်။ သူတစ်ပါးအပေါ် နစ်နာမည့် အလုပ်အကိုင်၊ အပြောအဆို၊ အတွေးအကြံတို့ကို ရှောင်ကြဉ်ရမည်လည်းဖြစ်သည်။ မကောင်းမှုပြုရမည်ကို ရှက်တတ်၊ ကြောက်တတ်ရမည်ဖြစ်သည်။ သို့မှသာ ကိုယ်ကျင့်တရားကောင်းသူဖြစ်လာမည်ဖြစ်သည်။ ချမ်းသာသူတို့၏ အရင်းအနှီးက ဥစ္စာ၊ ဆင်းရဲသူတို့၏ အရင်းအနှီးက ကိုယ်ကျင့်တရားဟု ရှေးပညာရှိတို့က ဆိုမိန့်ခဲ့ဖူးသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟူသော စကားရှိပြီး "အစကောင်းမှ အနှောင်းသေချာ"ဟူသော စကားလည်းရှိပါသည်။ ပစ္စုပ္ပန်သည် အနာဂတ်အတွက် အုတ်မြစ်ဖြစ်သကဲ့သို့ လူငယ်များသည် နောင်တစ်ခေတ်၏ကောင်းကျိုးအတွက် အခြေခံအင်အားများဖြစ်သည်။ လူငယ်လူရွယ် ကျောင်းသားဘဝအစမှ ရင့်ကျက်တည်ငြိမ်သော၊ ကိုယ်ကျင့်တရားကောင်းမွန်သောသူများဖြစ်လာမည်ဖြစ်သည်။ မှန်ကန်သည့် အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကို ဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်ရမည်ဖြစ်သည်။ "ပညာရွှေအိုး လူမခိုး" ဆိုသည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့် ပညာခေတ်တွင် ပညာကို တစိုက်မတ်မတ် ရှာဖွေရမည်ဖြစ်သည်။

ထို့ပြင် ယဉ်ကျေးလိမ္မာခြင်းဆိုသည်မှာ လူသားတိုင်းအတွက် ဂုဏ်ရည်ဖြစ်သည်။ ယဉ်ကျေးခြင်းသည် ကိုယ်စိတ်နှလုံး၊ အမူအရာယဉ်ကျေးသိမ်မွေ့ခြင်းလည်းဖြစ်သည်။ လိမ္မာခြင်းဆိုသည်မှာ အမှား၊ အမှန်၊ အကျိုးအပြစ်ဆင်ခြင်ပြီး အမှန်ကို ပြုမူကြံစည်ကာ အကျိုးဖြစ်ထွန်းစေခြင်းဖြစ်သည်။ ထို့ကြောင့် လူသားဂုဏ်ရည်မြင့်မားအောင် ယဉ်ကျေးလိမ္မာခြင်းကို ကျင့်ကြံပျိုးထောင်ပိုင်ဆိုင်သင့်လှသည်။ မိဘဆရာလူကြီးသူမများ၏ ဆုံးမသွန်သင်မှုသည် မြန်မာ့လူ့ဘောင်၏ယဉ်ကျေးလိမ္မာခြင်း အုတ်မြစ်ဖြစ်သည်။ လက်ဦးဆရာဖြစ်သော မိဘများက သားသမီးတို့၏ နေထိုင်စားသောက်မှုနှင့် ယဉ်ကျေးလိမ္မာလာအောင် ညွှန်ပြရမည်ဖြစ်သည်။ မိဘများက နုနယ်သော နှလုံးသားပိုင်ရှင် ကလေးဘဝကပင် ပုံပြင်ဇာတ်တော်များ ပြောပြကာ ရသခံစားမှုမှတစ်ဆင့် စိတ်နှလုံးယဉ်ကျေးအောင်လည်း သွန်သင်ဆုံးမရမည်ဖြစ်သည်။ မိဘရင်ခွင်မှ ပညာရင်ခွင်သို့ ပို့ဆောင်ရသောအရွယ်တွင် ဆရာတို့က ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမရမည်ဖြစ်သည်။

ထို့အပြင် စာအုပ်ကောင်းများဖတ်ခြင်းကလည်း ယဉ်ကျေးလိမ္မာလာအောင် သွန်သင်ဆုံးမမှုနှင့်တူသည်။ ဆရာကြီး ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်ကို ဖတ်ရသောအခါ လူငယ်ဘဝတစ်လျှောက် ဖြစ်တတ်ပျက်တတ်ပုံ၊ လူ့သဘာဝ၊ လောကသဘာဝများကို မှတ်သားဆင်ခြင်နိုင်မည်ဖြစ်သည်။ အမျိုးသားပညာဝန် ဦးဖိုးကျား၏ကိုယ်တွေ့ဝတ္ထုများ ဖတ်ရသောအခါ လူငယ်များအတွက် အဖိုးထိုက်တန်သော ကိုယ်ကျင့်တရားနှင့် ယဉ်ကျေးမှုရှိသင့်ပုံတို့ကို သင်ခန်းစာအဖြစ် ရရှိမည်ဖြစ်သည်။ ယဉ်ကျေးလိမ္မာခြင်း၏ အကျိုးကျေးဇူးမှာ ကြီးမားလှသည်။ "တစ်ယောက်စကား တစ်ယောက်နားမှာ၊ မခါးရအောင်၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ"ဟူသော ရှင်မဟာရဋ္ဌသာရ၏ ဆိုဆုံးမစကားအတိုင်း ယဉ်ကျေးစွာ ဆက်ဆံလျှင် လူချစ်လူခင်ပေါ်များပြီး ဆက်သွယ်ဆောင်ရွက်သမျှ ကိစ္စအဝဝ အောင်မြင်မည်ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်အတူ နှုတ်ချွန်းချိုသာရန်လည်း လိုအပ်မည်ဖြစ်သည်။ နှုတ်ချွန်းချိုသာမှုကို လူတိုင်းနှစ်သက်ကြပြီး သာယာမှုကိုလည်း နှစ်သက်ကြသည်။ သို့ဖြစ်ရာ ကိုယ်ကျင့်တရားဟူသည် လူသားတိုင်းအတွက် ဘဝတန်ဖိုးဖြစ်သည်။ လူငယ်လူရွယ်ကျောင်းသားဘဝ ကိုယ်ကျင့်တရားကောင်းမွန်အောင် နေထိုင်ကျင့်ကြံပြီး မိမိကိုယ်ကိုမိမိ ပြုစုပျိုးထောင်ယူရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တောင်သူ ၂၆၈၂ ဦးအား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၇၅၅၂ သိန်း ထုတ်ချေးပေး

**ကျောက်ဆည် အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများ ကြွေးမြီကင်းရှင်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်များ ထုတ်ချေးပေးလျက်ရှိရာ တောင်သူ ၂၆၈၂ ဦးအား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၇၅၅၂ သိန်းအား ထုတ်ချေးပေးပြီးဖြစ်သည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာ၌ လယ်သီးနှံဖြစ်သည့် စပါးတစ်ဧကတွင် ငွေကျပ်တစ်သိန်းခွဲ၊ ယာသီးနှံများဖြစ်သည့် ကုလားပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ချည်မျှင်ရှည်ဝါသီးနှံများအတွက် တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စု (၆၆)အုပ်စုမှ တောင်သူ ၂၆၈၂ ဦး၏ စပါးသီးနှံဧက ၁၀၆၈၀၊ ပဲတီစိမ်းသီးနှံ ၁၄၆၂ ဧက၊ နှမ်းသီးနှံတစ်ဧက၊ ချည်မျှင်ရှည်ဝါသီးနှံ ၅၉ ဧက၊ ကုလားပဲသီးနှံ ၁၀ ဧက စုစုပေါင်းသီးနှံမျိုးစုံ ၁၂၂၁၂ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၇၅၅၂ သိန်းကို ထုတ်ချေးပေးပြီးဖြစ်သည်။

**သက်မောင်(ကျောက်ဆည်)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်၊ ကျုံတန်းရပ်ကွက်၊ ပွဲတော်ရပ်ရွာလယ်လမ်း၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ (ဖဖ-၁)၊ ၅၄လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀

၀-၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများက မန္တလေး-လားရှိုး ရထားလမ်းပိုင်းရှိ ပြင်ဦးလွင် - နောင်ချို-ဂုတ်ထိပ်-ကျောက်မဲ ရထားလမ်းပိုင်းအား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် အကြမ်းဖက် သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ပျက်စီးခဲ့သည့် ဂုတ်ထိပ်-နောင်ပိန်ကြား ဂုတ်ထိပ်တံတား တိုင်အမှတ်(၁၆)နှင့် ကမ်းကပ်ခုံ အမှတ်(၂) အကြား ထိခိုက်ပျက်စီးမှုအား ရှေးမူလပုံစံပါအတိုင်း သံပေါင်အသစ် အစားထိုး ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ ပျက်စီးခဲ့သည့် သံပေါင် အဟောင်းအား ဖယ်ရှားရှင်းလင်း၍ ယာယီအဖြစ် Way Beam သံပေါင်များ ထည့်သွင်းပြီး သံလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပျက်စီးခဲ့သည့်သံပေါင်နှင့် ပုံစံတူ သံပေါင်သစ်အား ပြန်လည် ထုတ်လုပ်လျက်ရှိမှု၊ လမ်းပိုင်းတစ်လျှောက် တောချုံခုတ်ခြင်းနှင့် လမ်းပိုင်းများ ပြုပြင်ခြင်း၊ ထုံးဖို-ပြင်ဦးလွင် - နောင်ချို - ဂုတ်ထိပ်-ကျောက်မဲရထားလမ်းပိုင်း ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခြင်းနှင့် ရထားလမ်းတစ်လျှောက် အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများ ရှင်းလင်းခဲ့မှု အခြေအနေများ၊ ရထားသံလမ်း အစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား သောင်းကျန်းသူများက ဖျက်ဆီးခဲ့မှုများ၊ သံလမ်းဆက်ပြား ၃၈၃၂ ပြား၊ မူလီ ၁၇၁၈၈ လုံး၊ သံလမ်းထိန်းကလစ် ၁၆၃၁၅ ချောင်းတို့အား အကြမ်းဖက်သောင်းကျန်းသူများက ခိုးယူသွားမှုနှင့် အချိန်မီ အစားထိုး တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရထားလမ်းပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### လူစီးရထားများ ထပ်မံတိုးချဲ့ ပြေးဆွဲသွားရန်လိုအပ်

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အကြမ်းဖက် သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဂုတ်ထိပ်တံတား ပြုပြင်ခြင်းလုပ်ငန်းများနှင့် တံတားလုံခြုံရေးအတွက် လိုအပ်သည်များကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ ရထားလမ်းပိုင်းများအလိုက် ပြန်လည်ပြုပြင် ဆောင်ရွက်ခြင်းများ ဆောင်ရွက်ရာတွင်လည်း မီးရထားများ လုံခြုံချောမွေ့စွာဖြင့် ပြေးဆွဲနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းအတွက် လိုအပ်သည့် ကျောက်များကိုလည်း သတ်မှတ်ချက်နှင့်အညီ ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းပိုင်းတစ်လျှောက်ရှိ တံတားများ၏ ကြံ့ခိုင်ရေးကိုလည်း ပြန်လည်စစ်ဆေးပြီး လိုအပ်သည့် ပြုပြင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်ချိန်တွင် ရထားများ အဆင်ပြေချောမွေ့စွာဖြင့် ပြေးဆွဲဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်-ဂုတ်ထိပ် - နောင်ပိန် ရထားလမ်းပိုင်း၌ ပြည်တွင်း/ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်မီးသွေးသုံး မီးရထားစက်ခေါင်းများ အသုံးပြု၍ ပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကျရောက်မည့် သီတင်းကျွတ်ကာလ အများပြည်သူ ရုံးပိတ်ရက်များတွင် ရန်ကုန်- နေပြည်တော်-မန္တလေး လူစီးရထားများ ထပ်မံတိုးချဲ့ ပြေးဆွဲသွားရန် လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး) ခြောက်ထပ်အဆင့်မြင့် ဈေးသစ် တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်အကြီးအကဲ စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အထပ်လိုက် ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ယာဉ်ရပ်နားသည့်နေရာများ ဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက် ကောင်းမွန်စေရေးနှင့် ရေဆိုး စွန့်ထုတ်မှုတို့အတွက် တွက်ချက်ဆောင်ရွက်ထားရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆိုလာပြားများ တပ်ဆင်ဆောင်ရွက်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများ၊ စီမံကိန်းအား သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ဆောက်လုပ်မှု စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့ ☆

## ဂုတ်ထိပ်တံတား လားရှိုးဘက်ခြမ်းတွင် ပျက်စီးသွားသော သံပေါင်အား ဖယ်ရှား၍ သံပေါင် အသစ်တစ်စုံဖြင့် အစားထိုးပြန်လည်တပ်ဆင်ပြုပြင်ခြင်းလုပ်ငန်း



P16နှင့်AB2ကြား L.S.T ဒေါက်တိုင်များ တပ်ဆင်နိုင်ရန်အတွက် အောက်ခြေမြေနေရာ ညှိခြင်း၊ ပြုပြင်ခြင်းနှင့် ဖားထပ်ခွေပြုလုပ်ခြင်း မှတ်တမ်းဓာတ်ပုံများ။



ပျက်စီးသွားသောတံတားသံပေါင်အဆက်နေရာမှ ပေ ၃၀ ဖျက်ထုတ်ဖယ်ရှားခြင်းမှတ်တမ်း ဓာတ်ပုံများ။

## ထုံးဖို-ပြင်ဦးလွင်-နောင်ချို-ဂုတ်ထိပ်-ကျောက်မဲ ရထားလမ်းပိုင်း ပြုပြင်ခြင်းလုပ်ငန်း



နောင်ချိုဘူတာမှ ဆမ်ဆယ်ဘူတာကြား ရထားလမ်းပြုပြင်ခြင်း ဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံများ။



မိုင်းများရှာဖွေနေမှု မှတ်တမ်းဓာတ်ပုံများ။

☆ စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ယခုအဆင့်မြင့်ဈေးသစ် တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှုများပြားလာမှုများနှင့် ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန် ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ရရှိနိုင်စေရန် ရည်ရွယ် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီသည့် အဆင့်မြင့်ဈေးဖြစ်ပေါ်လာစေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများအားလုံးပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုပြီး သန့်ရှင်းမှုရှိစေရေးကို အလေးထား ဆောင်ရွက်သွားရန်နှင့် ရေ/ မီးစနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည်သုမင်္ဂလာဈေး (ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးရဲတင့်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ကော်မတီအတွက် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအတိုင်း နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်သူများအတွက် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖြစ်လာစေရန် လုပ်ငန်းကော်မတီဝင်များအားလုံးက တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လုပ်ငန်းတာဝန် (၁၈) ရပ်နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဌာနအလိုက် ဆောင်ရွက်နေသော တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

## မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း စစ်တမ်းကောက်ယူနိုင်ရေး ကြိုတင်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂**

မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း(၂၀၂၅) ကောက်ယူနိုင်ရေးအတွက်ကြိုတင်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယိတမက မွန်ပြည်နယ်အနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂၀ (ဂ)နှင့် အညီ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တမ်းမှရရှိသည့် အချက်အလက်များကို လေ့လာဆန်းစစ်ပြီး MSME ထုတ်လုပ်မှု အခန်းကဏ္ဍမြင့်မားတိုးတက်လာစေရေး မူဝါဒများချမှတ်ခြင်းနှင့် လုပ်ငန်းစီမံချက်များရေးဆွဲနိုင်ရန် သုတေသနပြုဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ အသုံးပြုနိုင်မည်ဖြစ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း (၂၀၂၅) အဆင်ပြေချောမွေ့စွာ ကောက်ယူနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုများကို စစ်တမ်းကောက်ယူရေး လုပ်ငန်း အဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း ကောက်ယူရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်ဖြူပြာထွန်းက MSME စစ်တမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း (၂၀၂၅) ကောက်ယူရေးလုပ်ငန်းကို အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၈၆ ရက်**

**သာ လိုတော့သည်။**

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့်လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ Synthetics မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း တည်ဆောက်ပြီးစီးမှုနှင့် Synthetics မီတာ ၄၀၀ ပြေးလမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ အမြန်ဆုံးပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ G.10၊ G.11၊ G.12 ကျောင်းသား ကျောင်းသူများ အောက်တိုဘာ နှစ်ဝက်ဆုံးစာမေးပွဲ Chemistry ဘာသာရပ်ဖြေဆိုနေမှုကိုကြည့်ရှု၍ စာမေးပွဲဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ သင်တန်းသား သင်တန်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက် ရှိသည့် ဆေးပေးခန်းများနှင့် သင်တန်းသား သင်တန်းသူများ နေ့လယ်စာ စားသောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ အားကစားပစ္စည်းများနှင့် လိုအပ်သည်များကို ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ Hotel Hazel အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအထက်ပိုင်း ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသောလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်ဒေသများအလိုက် ခရီးသွားဆွဲဆောင်ရာနေရာများကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းခြင်း၊ ခရီးစဉ်နေရာအသစ် ဖော်ထုတ်ခြင်းများ ဆောင်ရွက်ပြီး ခရီးစဉ်အသစ်များ ရေးဆွဲဆောင်ရွက်သွားရန်နှင့် ခရီးစဉ်ဒေသအချင်းချင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြားချိတ်ဆက်ကာ ခရီးစဉ်လမ်းကြောင်းအသစ်များဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့ဒေသရှိ ခရီးစဉ်ဆွဲဆောင်ရာ နေရာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ခရီးသွားများ သိရှိစေရေး ဆောင်ရွက်ရန်နှင့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံအထက်ပိုင်း ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ "ဂျုံသီးနှံအတွက် ချေးငွေထုတ်ချေးပေးမည့်အစီအစဉ်" အသိပေးကြေညာချက်

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပြီး တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့်တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် စပါးသီးနှံအပါအဝင် သီးနှံ ၂၃ မျိုးအား မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် ဂျုံသီးနှံတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၅ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေမှ စတင်၍ ဂျုံသီးနှံချေးငွေအား တစ်ဧကချေးငွေကျပ် ၁၅၀၀၀၀ နှုန်း၊ တစ်နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ဂျုံသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ အောက်တိုဘာ ၁ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


ကျိုက်ထိုမြို့နယ်
ကျိုက်ထို(ပြန်/ဆက်)


မိုင်းယန်းမြို့နယ်
ထွန်းထွန်းထူး


လှိုင်ကော်မြို့နယ်
ပြည်နယ်(ပြန်/ဆက်)


ကော့မှူးမြို့နယ်
ကျော်သူရ(ကော့မှူး)


ပူတာအိုမြို့နယ်
ဖုန်ကန်(ပူတာအို)


ကြာအင်းဆိပ်ကြီးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပင်းတယမြို့နယ်
အောင်ကိုဦး(ပြန်/ဆက်)


မော်လမြိုင်မြို့နယ်
ခင်စန်းမြင့်(ပြန်/ဆက်)


စဥ့်ကိုင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


အမရပူရမြို့နယ်
စိုးသီဟ(အမရ)


ကြံခင်းမြို့နယ်
ဖြိုးဝေလင်း(ပြန်/ဆက်)


ချောက်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ရွှေတောင်မြို့နယ်
ကိုကိုမင်း(ပြန်/ဆက်)


ဥတ္တရသီရိမြို့နယ်
ခရိုင်(ပြန်/ဆက်)


မြစ်ကြီးနားမြို့နယ်
ပြည်နယ်(ပြန်/ဆက်)


ကျိုက်မရောမြို့နယ်
ကျိုက်မရော(ပြန်/ဆက်)


သဃ်န်းကျွန်းမြို့နယ်
ဇော်မိုး(သဃ်န်းကျွန်း)


ကဝမြို့နယ်
ရဲဇော်ဟိန်း(ပြန်/ဆက်)



အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ ရောက်ရှိလာရာ ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။



အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ ရောက်ရှိလာစဉ်။

☆ **စာမျက်နှာ ၂၄ မှ**

ကျောက်မဲဒေသ တစ်ဝိုက်အား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာ ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူအချို့မှာလည်း ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

**လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

တပ်မတော် စစ်ကြောင်းများအနေဖြင့် ကျောက်မဲမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏ မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူလူထုအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့်ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့်အတူ မော်တော်ယာဉ်များဖြင့် ယနေ့တွင် ကျောက်မဲမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသား ပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေး စောင့်ရှောက်ခွင့်၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည် လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲမြို့အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောက်မဲမြို့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် တပ်မတော် စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေး လုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေဘိုမြို့၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အသိတရားကင်းမဲ့စွာဖြင့် လက်လုပ်ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နေသည့် သာမဏေကိုရင် သုံးပါး ပျံလွန်တော်မူ၍ သာမဏေကိုရင် ရှစ်ပါး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် အောက်တိုဘာ ၂

PDF အမည်ခံအစွန်းရောက် အကြမ်းဖက်သမား များသည် သာသနာတော်အကျိုး သယ်ပိုးလျက်ရှိသော ရဟန်းသံဃာတော်များ၊ အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့အရပ်သားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်လုပ်ရပ်များအား လူမဆန်စွာ ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်း၍ အသိတရားကင်းမဲ့စွာ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

**ကျရောက်ပေါက်ကွဲ**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါ(တောင်)ရွာအနီးမှ PDF အမည်ခံအကြမ်းဖက်သမားများသည် သာသနာတော်အကျိုး သယ်ပိုးလျက်ရှိသော သံဃာတော်များ သီတင်းသုံးနေထိုင်လျက်ရှိသည့် စစ်ရေးနှင့်သက်ဆိုင်ခြင်း မရှိသည့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ယုတ်မာရိုင်းစိုင်းစွာဖြင့် လက်လုပ်ရှော့တိုက်ဒုံး ပစ်ခတ်ခဲ့သောကြောင့် အောင်မြေဘုန်းတော်ကြီး ကျောင်းဝင်းရှိ ချမ်းမြေ့ကျောင်းတိုက်အတွင်းသို့ ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါ ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် ဘုန်းတော်ကြီးကျောင်းမှ စာသင်စာချပြုလုပ်နေသည့် သံဃာတော်များဖြစ်သည့် သက်တော် ၁၂ နှစ်နှင့် ၁၃ နှစ်အရွယ် သာမဏေကိုရင်သုံးပါး ပျံလွန်တော်မူခဲ့ပြီး ကိုရင်ရှစ်ပါး ဗုံးစထိမှန် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပျံလွန်တော်မူ၊ ဒဏ်ရာရရှိခဲ့သည့် ကိုရင်ငယ်များအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ**

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယခုကဲ့သို့စစ်ရေးနှင့်မသက်ဆိုင်သည့် သာသနာ့နိကာ အဆောက်အအုံနေရာသို့ အသိတရားကင်းမဲ့စွာဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက် ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ် စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကိုလည်း တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



ရွှေဘိုမြို့ ချမ်းမြေ့ကျောင်းတိုက်အတွင်း PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သည့် ရှော့တိုက်ဒုံးကျရောက် ပေါက်ကွဲသည့် နေရာပြပုံ။






ရွှေဘိုမြို့ ချမ်းမြေ့ကျောင်းတိုက်သို့ PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သည့် ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲမှုကြောင့် ကိုရင်သုံးပါး ပျံလွန်တော်မူ၍ ကိုရင်ရှစ်ပါး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။




ရွှေဘိုမြို့ ချမ်းမြေ့ကျောင်းတိုက်သို့ PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သည့် ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။

# အမေရိကန်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို အောက်တိုဘာ ၁ ရက်မှစ၍ ယာယီရပ်ဆိုင်းထား



ဝါရှင်တန် အောက်တိုဘာ ၂

အမေရိကန်ကွန်ဂရက်လွှတ်တော်က အစိုးရအတွက် ကာလတိုအသုံးစရိတ်ဥပဒေကြမ်းကို အတည်ပြုရန် ပျက်ကွက်ခဲ့ပြီး ဥပဒေအသစ်ပြဋ္ဌာန်းခြင်းမရှိသည့်အတွက် အမေရိကန်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို အောက်တိုဘာ ၁ ရက် အစောပိုင်းမှစ၍ ယာယီရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

အစိုးရ၏လုပ်ငန်းများ ယာယီဆိုင်းငံ့ထားရှိမှုသည် သမ္မတ ဒေါ်နယ်ထရမ့်၏ ပထမသက်တမ်း ၂၀၁၈ ခုနှစ် နောက်ပိုင်းမှစ၍ ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

အထက်လွှတ်တော် ရီပတ်ဘလီကန်များက အဆိုပြုသည့် အစိုးရအတွက် ကာလတိုအသုံးစရိတ် ဥပဒေကြမ်းကို အတည်ပြုရန် မဲခွဲဆုံးဖြတ်ရာတွင် ဒီမိုကရက်များက ကန့်ကွက်မဲပေးခဲ့သည့်အတွက် လိုအပ်သော ထောက်ခံမဲပမာဏ မရရှိခဲ့ပေ။

## သဘောထားကွဲလွဲ

ရီပတ်ဘလီကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့သည် အမေရိကန်-မက္ကဆီကိုနယ်စပ်တစ်လျှောက် တံတိုင်းတစ်ခုတည်ဆောက်ရန်အတွက် ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ သဘောထားကွဲလွဲလျက်ရှိသည်။

ယင်းသို့ အစိုးရ၏လုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကြောင့် အချို့သော ပြည်သူ့ဝန်ဆောင်မှုများကို ထိခိုက်စေမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ဆမ်ဆောင်းအီလက်ထရောနစ်နှင့် အက်စ်ကေဟိုင်နစ်တို့၏ ရှယ်ယာများ စုစုပေါင်းဈေးကွက်တန်ဖိုး ဒေါ်လာ ၃၇ ဘီလီယံအထိ ရောက်ရှိခဲ့

ဆိုးလ် အောက်တိုဘာ ၂

တောင်ကိုရီးယားနိုင်ငံမှ ဆမ်ဆောင်းအီလက်ထရောနစ်နှင့် အက်စ်ကေဟိုင်နစ်တို့၏ရှယ်ယာများသည် အမေရိကန်အခြေစိုက် အိုးပင်အေအိုင်၏ ဒေတာစင်တာများအတွက် မှတ်ဉာဏ်ချစ်ပ်များ ထောက်ပံ့ရန် သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် အောက်တိုဘာ ၂ ရက်တွင် မြင့်တက်လာခဲ့ရာ ၎င်းတို့၏ စုစုပေါင်းဈေးကွက်တန်ဖိုး ဒေါ်လာ ၃၇ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဆမ်ဆောင်းအီလက်ထရောနစ်ရှယ်ယာ ၄ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ရာမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလနောက်ပိုင်းတွင် အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိခဲ့ပြီး ထို့အတူ အက်စ်ကေဟိုင်နစ်သည်လည်း ၁၂ ရာခိုင်နှုန်းကျော် ခုန်တက်ခဲ့ရာမှ စံချိန်တင်အမြင့်ဆုံးသို့ရောက်ရှိခဲ့ကာ ကိုစပီအညွှန်းကိန်းကို ၃ ရာခိုင်နှုန်းကျော်ဖြင့် စံချိန်တင်အောင် တွန်းအားပေးခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ဒေါ်လာ ၅၀၀ ဘီလီယံတန်ဖိုးရှိ စတားဂိတ်ဉာဏ်ရည်တုစီမံကိန်းတွင် ပါဝင်လျက်ရှိသော အိုးပင်အေအိုင်သည် တောင်ကိုရီးယားချစ်ပ်ထုတ်လုပ်သူနှစ်ဦးနှင့် ပူးပေါင်း၍ ဒေတာစင်တာနှစ်ခု တည်ဆောက်ရန် ယမန်နေ့က သဘောတူညီခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Mon





# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နီဗားဒါးပြည်နယ်မြောက်ပိုင်းရှိ လစ်သီယမ်အမေရိကကုမ္ပဏီမှ ထုတ်လုပ်မှုဝေစုအနည်းငယ်ကို အမေရိကန်အစိုးရက ရယူနေ

ဝါရှင်တန် အောက်တိုဘာ ၂

ကမ္ဘာ့အကြီးဆုံး လစ်သီယမ်များအနက် တစ်ခုဖြစ်သော မြောက်ပိုင်း နီဗားဒါးတွင် တူးဖော်နေသည့် လစ်သီယမ်အမေရိကကုမ္ပဏီမှ ထုတ်လုပ်မှုဝေစုအနည်းငယ်ကို အမေရိကန်အစိုးရက ရယူနေကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စွမ်းအင်ဝန်ကြီးဌာနသည် ဗန်ကူးဗားအခြေစိုက် မိုင်းတူးဖော်ရေးကုမ္ပဏီတွင် ၅ ရာခိုင်နှုန်းသောအစုကို ရယူမည်ဖြစ်သည့်အပြင် ဂျင်နရယ်မော်တော်နှင့် ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည့် သက်ကာပတ်စ်လစ်သီယမ် တူးဖော်ရေးစီမံကိန်းတွင်လည်း ၅ ရာခိုင်နှုန်းသော အစုကို ရယူဦးမည်ဟု ဆိုသည်။

မိုဘိုင်းဖုန်းများ၊ လျှပ်စစ်ကားများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များတွင် အသုံးပြုသည့် နည်းပညာမြင့် ဘက်ထရီများ ထုတ်လုပ်ရာ၌ အရေးပါသော လစ်သီယမ်အတွက် ပြည်ပပို့ကုန်အပေါ် အမေရိကန်၏ မှီခိုအားထားမှုကို လျှော့ချရာတွင် သက်ကာပတ်စ်က အရေးပါသည်ဟု ယူဆသည်။

ပထမအဆင့်တွင် တစ်နှစ်လျှင် ဘက်ထရီအရည်အသွေးရှိသော လစ်သီယမ်ကာဗွန်နိတ် တန်ချိန် ၄၀၀၀၀ ကို ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ရပြီး လျှပ်စစ်ကား ၈၀၀၀၀၀ ကို စွမ်းအားဖြည့်ပေးနိုင်ရန် လုံလောက်မည်ဖြစ်သည်။

အမေရိကန်အစိုးရအနေဖြင့် လတ်စ်ဗီးဂတ်စ် အခြေစိုက် မြေရှားသတ္တု တူးဖော်ရေးကုမ္ပဏီ၏ ထုတ်လုပ်မှု ဝေစုအတွက် အကြီးဆုံးပိုင်ရှင်ဖြစ်လာစေရန် ဇူလိုင်လတွင် အခွန်ထမ်းပြည်သူများ၏ငွေ ဒေါ်လာ သန်း ၄၀၀ ကို သုံးစွဲခဲ့သည်။

သမ္မတထရမ့်သည် အင်န်ဗီဒီယာနှင့် အေအမ်ဒီတို့နှင့်လည်း သဘောတူညီချက် ရယူခဲ့ပြီး တရုတ်နိုင်ငံသို့ အချို့သော ချစ်ပ်ပြားများ ရောင်းချခြင်းမှ ရရှိသော ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းကို အမေရိကန်အစိုးရသို့ ပေးအပ်စေခဲ့ကြောင်း သိရသည်။

Mon

# ဘူးအာလွိုင် တိုင်ဖုန်းမုန်တိုင်းကြောင့် ပိုင်ဆိုင်မှု ပျက်စီးဆုံးရှုံးသည့်ပမာဏ ဒေါင် ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၀၃ သန်း)ခန့် ရှိမည်ဟု ခန့်မှန်း

ဟန့်နွိုင်း အောက်တိုဘာ ၂

ဗီယက်နမ်အစိုးရက ယခုရက်သတ္တပတ်အတွင်း ဘူးအာလွိုင်တိုင်ဖုန်းမုန်တိုင်းကြောင့် ပိုင်ဆိုင်မှု ပျက်စီးဆုံးရှုံးသည့် ပမာဏ ဒေါင် ၈ ထရီလီယံ(အမေရိကန်ဒေါ်လာ ၃၀၃ သန်း)ခန့် ရှိမည်ဟု ခန့်မှန်းကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဘူးအာလွိုင်မုန်တိုင်း ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းမှ အလယ်ပိုင်းသို့ ကုန်းမြေသို့ ဝင်ရောက်ခဲ့ပြီး ကြီးမားသော ပင်လယ်ရေလှိုင်းများ၊ လေပြင်းများနှင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လူ ၂၉ ဦး သေဆုံးပြီး ၂၂ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မုန်တိုင်းကြောင့် လမ်းများ၊ ကျောင်းများနှင့် ရုံးများ ပြင်းထန်စွာ ပျက်စီးခဲ့ရပြီး လျှပ်စစ်ဓာတ်အားလိုင်းများ ပျက်စီးမှုကြောင့် မိသားစု ထောင်ပေါင်းများစွာ လျှပ်စစ်မီး ပြတ်တောက်ခဲ့ရသည်။ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးထားသည့် ဧက ၃၄၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်ဟုလည်း ဆိုသည်။

ဗီယက်နမ်သည် ဒေသတွင်း ကုန်ထုတ်လုပ်မှု အချက်အချာကျသောနေရာဖြစ်ပြီး မုန်တိုင်း၏ လမ်းကြောင်းအတွင်း သို့မဟုတ် အနီးအနားရှိ စက်ရုံကြီးများတွင် ဖောက်စကွန်၊ ဖော်မိုဆာပလတ်စတစ်၊ လပ်စ်ရှဲနှင့် ဗင်းဖတ်စ်တို့ ပိုင်ဆိုင်သည့် အချို့စက်ရုံများလည်း ပါဝင်သည်။

ယင်းတိုင်ဖုန်းမုန်တိုင်းကြောင့် ဗီယက်နမ် မြောက်ပိုင်းတစ်လွှားရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပြီး မြို့တော် ဟန့်နွိုင်းနှင့် ဆက်သွယ်ထားသည့် လေကြောင်းခရီးစဉ်များနှင့် ရထားဝန်ဆောင်မှုများကို အနှောင့်အယှက် ဖြစ်စေခဲ့ရာ ဟန့်နွိုင်းတွင် ကျောင်းများကို ပိတ်ထားရပြီး အိမ်များစွာ ရေလွှမ်းမိုးခံခဲ့ရသည်။

တောင်တရုတ်ပင်လယ်ကို မျက်နှာမူထားသည့် ရှည်လျားသော ကမ်းရိုးတန်းရှိသော ဗီယက်နမ်သည် မကြာခဏ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေတတ်သည့် တိုင်ဖုန်းမုန်တိုင်းများ ကျရောက်လေ့ရှိသည်။

ယမန်နှစ်က ယာဂီတိုင်ဖုန်းမုန်တိုင်းကြောင့် လူပေါင်း ၃၀၀ ခန့် သေဆုံးခဲ့ရပြီး ဗီယက်နမ် မြောက်ပိုင်းတစ်လွှားတွင် အမေရိကန် ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံခန့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

Mon



# တိုကျိုမြို့တော်၌ ယာဉ်မောင်းအလုံအလောက်မရှိသည့်အတွက် ဘတ်စ်ကားဝန်ဆောင်မှုများ လျှော့ချ

တိုကျို အောက်တိုဘာ ၂

ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ ယာဉ်မောင်းအလုံအလောက်မရှိသည့်အတွက် ဘတ်စ်ကားဝန်ဆောင်မှုများကိုအောက်တိုဘာ ၁ ရက်မှစ၍ လျှော့ချပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်းရှားပါးမှုကြောင့် ဘတ်စ်ကားပြေးဆွဲမှုလျှော့ချခြင်းသည် ၂၀၀၂ ခုနှစ်မှစ၍ ပထမဆုံးဖြစ်သည်။ တိုကျိုမြို့တော်အစိုးရ၏ သယ်ယူပို့ဆောင်ရေးဗျူရိုက မြို့တော်ရှိ လမ်းကြောင်း ၁၉ ခုတွင် တစ်ပတ်လျှင် ပြေးဆွဲမှုစုစုပေါင်း ၂၀၆ ခုကို ဖြတ်တောက်သည်။

ဝန်ဆောင်မှုများ လျှော့ချခြင်းသည် နေ့စဉ် ဘတ်စ်ကားအသုံးပြုသည့် ပြည်သူများအပေါ် အမှန်တကယ် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်း ဘတ်စ်ကားမှတ်တိုင်တွင် စောင့်ဆိုင်းနေသည့် ခရီးသည်တစ်ဦးက ပြောကြားသည်။

သယ်ယူပို့ဆောင်ရေးဗျူရိုက ယာဉ်မောင်းများ၏ အချိန်ဇယားကို စီစဉ်ရန် ခက်ခဲကြောင်းနှင့် အချိန်ဇယားများကို ပြောင်းလဲကာ ဝန်ဆောင်မှုများကို လျှော့ချခြင်းသည် ခက်ခဲသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဗျူရိုမှ အင်နီဆိုင်ချီက ပြောကြားသည်။

ထို့ပြင် အရည်အချင်းပြည့်မီသည့် ယာဉ်မောင်းများကို ထိန်းသိမ်းထားရန်မှာ ခက်ခဲကြောင်း ၎င်းက ဆက်လက်ပြောသည်။ ဘတ်စ်ကားလမ်းကြောင်းများကို ဂရုတစိုက်စီမံခန့်ခွဲခြင်းဖြင့် ခရီးသည်များအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုးပမ်းလျက်ရှိကြောင်း သယ်ယူပို့ဆောင်ရေးဗျူရိုက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



## တရားမဝင် ကုန်ပစ္စည်းများ ဝင်ရောက်မှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ အောက်တိုဘာ ၂**

စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်၊ မိုင်းတုံခရိုင်၊ မိုင်းတုံ မြို့နယ်၊ မိုင်းတုံ-မိုင်းဆတ် ကားလမ်း မိုင်တိုင်အမှတ်(၄/၀)အနီး၌ ခရိုင်တရားမဝင်ကုန်ပစ္စည်းများ တားဆီးနှိမ်နင်းရေးအဖွဲ့ဝင်များ၊ သက်ဆိုင်သည့်ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများသည် တရားမဝင် ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးအတွက် ခရီးသည်တင်မော်တော်ယာဉ်များနှင့် အိမ်စီးမော်တော်ယာဉ်များအား ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရေဝင်ရောက်သည့်ရပ်ကွက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

**တောင်တွင်းကြီး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် စက်တင်ဘာ ၃၀ ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံလျက်ရှိကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ်တွင် စက်တင်ဘာ ၃၀ ရက် နံနက် ၁ နာရီခန့်မှ စတင်၍ မိုးများ သည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့ပြီး တောင်ကျချောင်းရေများစီးဝင်မှုကြောင့် စက်စက်ယိုချောင်းနှင့် ယင်းမလည်ချောင်းတို့တွင် ရေလျှံတက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီခန့်မှစ၍ မြို့ပေါ်ရပ်ကွက်များနှင့်



ကျေးရွာအချို့ရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာရုံးအချို့နှင့် တောင်တွင်း-ပြည်လမ်းအနိမ့်ပိုင်းနေရာများတွင်လည်း ရေဝင်များ ရောက်လျက်ရှိသည်။

အဆိုပါရေဝင်ရောက်သည့် ရပ်ကွက်များသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေသန့်များ လိုက်လံဝေငှပေးလျက်ရှိကြောင်းနှင့် တောင်တွင်း-ပြည်လမ်းတစ်လျှောက် ရေဖြတ်သန်းစီးဆင်းလျက်ရှိသည့် အနိမ့်ပိုင်းနေရာများတွင် ဖြတ်သန်းသွားလာသည့်ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

တောင်တွင်းကြီးမြို့နယ်၏ မိုးရွာသွန်းမှုအနေဖြင့် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီအချိန် တိုင်းထွာချက်အရ မိုးရေချိန်မှာ(၄ ဒသမ ၀၉) လက်မ ဖြစ်ကြောင်း မြို့နယ်မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့်တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၆)ရပ်ကွက်၌ လိုင်စင်မဲ့ယာဉ်တစ်စီးကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၃၉ မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV.Shwe Dei Wi ရေယာဉ်တစ်စင်းကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း အမှုတွဲဖွင့်လှစ်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် ညောင်ခါးရှည် အမြဲတမ်း စစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီးကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၈ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Bon San ရေယာဉ်တစ်စင်းကိုလည်းကောင်း အမှုတွဲဖွင့်လှစ်ထားရှိသည်။




နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

## ဓားရှည်ကိုင်ဆောင်ရမ်းကားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ပျဉ်းမနား အောက်တိုဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ ဓားရှည်ကိုင်ဆောင်ရမ်းကားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ရွာကောက်ရပ်ကွက်အရောက်၌ အဆိုပါရပ်ကွက်နေ ကျော်ဆန်းလွင်(၄၄)နှစ်ဆိုသူသည် အရှိ၊ အသွား ၃၂ လက်မခန့်ရှိ ဓားရှည်တစ်ချောင်းကိုင်ဆောင် ရမ်းကားနေသည်ကိုတွေ့ရှိရသဖြင့် ကျော်ဆန်းလွင်ဆိုသူအား ရွာကောက်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်း မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထား စီးနင်းသူများဖြစ်ကြသည့် ရွှေဘိုမြို့နေ စိုးမင်းဝေ(၃၈)နှစ်၊ လှိုင်မျိုးချစ်(၄၁)နှစ်၊ ဒေါ်ယုယုခိုင်(၃၅)နှစ်နှင့် ကျောက်မြောင်းမြို့နေ ကိုကိုဇော်(ခ)တရုတ်ကြီး (၄၃)နှစ်တို့အား လည်းကောင်း၊ အလားတူ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ချောင်းဆုံမြို့နယ်၊ ကွမ်လှာကျေးရွာနေ အောင်ဆန်းဝင်း(ခ)အုန်းစိန် (၄၈)နှစ်အားလည်းကောင်း၊ သံဖြူဇရပ်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော် ဆိုင်ကယ်လက်ဝယ်ထား စီးနင်းသူ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ်နှင့်ကျေးရွာနေ ထက်ရှိအောင်(၂၅)နှစ်အားလည်းကောင်း၊ ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ကျိုက်ထိုမြို့နယ်၊ မဲရုံးကြီးကျေးရွာနေ ဝင်းနိုင်(၅၄) နှစ်အားလည်းကောင်း၊ ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ဘီးလင်းမြို့နယ်၊ ဆင်စုကျေးရွာနေ ရန်နိုင်ထွန်း(၂၇) နှစ်အားလည်းကောင်း၊ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ သထုံမြို့နယ်၊ ကြာဘန်းကျေးရွာနေ စိန်အောင်မင်း(၄၄) နှစ်အားလည်းကောင်း ဖမ်းဆီးရမိသဖြင့် သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ပို့ကုန်သွင်းကုန် ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# ခေတ်ပါလွန်ကုပ်ဗစ်နည်းပညာသုံး ကျန်းမာရေးစောင့်ရှောက်မှုများ

ယခုတလော ဆေးပညာနယ်ပယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ များစွာသောတီထွင်ဖန်တီးမှုများကို ကမ္ဘာသို့ အသိပေးကြေညာနေကြသည်ကို တွေ့မြင်နေကြရသည်။ အဆိုပါ တီထွင်ဖန်တီးမှုများသည် AI နည်းပညာကို လျှပ်စစ်နည်းပညာနှင့်ပေါင်းစပ်၍ ခေတ်လွန်လျှပ်စစ်နည်းပညာသုံး ကျန်းမာရေးစောင့်ရှောက်မှုများဖြစ်နေပါသည်။ အချို့သောနည်းပညာများသည် များမကြာမီသောကာလတွင် အကျိုးသက်ရောက်မှုများစွာ ရှိလာနိုင်ပြီး သိရှိထားသင့်သဖြင့် ဗဟုသုတအနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

မကြာသေးမီက ကနေဒါနိုင်ငံသည် ပထမဆုံးအကြိမ် Neuralink ခေါ် ဦးနှောက်တွင်း အာရုံကြောချိတ်ဆက်မှု ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီး ဆေးပညာနှင့်နည်းပညာဆိုင်ရာ မှတ်တိုင်တစ်ခုကို ရောက်ရှိခဲ့ပါသည်။ အဆိုပါ ခွဲစိတ်ကုသမှုများကို တိုရွန်တိုမြို့ အနောက်ပိုင်း ဆေးရုံတွင် University Health Network လက်အောက်ခံအဖွဲ့တစ်ခုဖြစ်သည့် CANPR-IME Study ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပြုလုပ်ခဲ့သည်။ အီလွန်မတ်စ်၏ ဦးနှောက်-ကွန်ပျူတာချိတ်ဆက်မှုနည်းပညာကို အမေရိကန်ပြည်ထောင်စု၏ပြင်ပ၌ ပထမဆုံးအကြိမ် အသုံးပြုခဲ့ခြင်းဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ဦးနှောက်-ကွန်ပျူတာ နည်းပညာလျှပ်စစ်နည်းပညာသုတေသနများတွင် အဓိကခြေလှမ်းသစ်တစ်ခုကို ဖော်ညွှန်းလိုက်ခြင်းလည်းဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နှင့် စက်တင်ဘာ ၃ ရက်များတွင် Neuralink ၏ N1 ကိရိယာကို ကုမ္ပဏီ၏ R1 ခွဲစိတ်စက်ရုပ်၏အကူအညီဖြင့် အောင်မြင်စွာထည့်သွင်းပေးနိုင်ခဲ့ပါသည်။

အဆိုပါလက်တွေ့စမ်းသပ်မှု၏ ရည်ရွယ်ချက်သည် အာရုံကြောချို့ယွင်းမှုကြောင့် ကိုယ်အင်္ဂါလေးဖက်စလုံး အကြောသေနေသူ (quadriplegia) များတွင် အဆိုပါကိရိယာ၏ဘေးကင်းမှုနှင့် လုပ်ဆောင်နိုင်စွမ်းကို အကဲဖြတ်လေ့လာနိုင်ရန်ဖြစ်သည်။ လူနာများအနေဖြင့် သူတို့၏အတွေးဖြင့် ပြင်ပကိရိယာတွေကို ထိန်းချုပ်နိုင်အောင် လုပ်ဆောင်ပေးခြင်းအားဖြင့် အဆိုပါသုတေသနသည် ပြင်းထန်သည့် ကိုယ်အင်္ဂါမသန်စွမ်းသူများကို နည်းပညာနှင့်ဘယ်လိုကူညီပေးနိုင်မလဲဆိုသည်ကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုပေးနိုင်တော့မှာ ဖြစ်သည်။ University Health Network က သုတေသီများ၏ အဆိုအရ CAN-PRIME Study သည် ဆေးဘက်ဆိုင်ရာ စက်ရုပ်နည်းပညာအတွက် ကြီးမားသည့် ခုန်ပျံကျော်လွှားမှုတစ်ခုဖြစ်ရုံသာမက ကူညီထောက်ပံ့ပေးသည့် နည်းပညာများအတွက်လည်း မျှော်လင့်ချက်ကောင်းတစ်ခုကို ကိုယ်စားပြုသည်ဟု ဆိုပါသည်။ အဆိုပါကိရိယာ၏ရေရှည်ထိရောက်မှုကို အနီးကပ်စောင့်ကြည့်သွားမှာဖြစ်သော်လည်း အဆိုပါလက်တွေ့စမ်းသပ်မှုသည် ကနေဒါနိုင်ငံကို ဦးနှောက်-ကွန်ပျူတာ နည်းပညာနယ်ပယ်တွင် အဓိကနည်းပညာနိုင်ငံအဖြစ် ရပ်တည်လာနိုင်စေလိမ့်မည်ဟု ကျွမ်းကျင်သူများက ယုံကြည်နေကြပါသည်။ ယခုလို နယ်ပယ်ကျော်လွန်နေသည့် သုတေသနများသည် လူသားနှင့်နည်းပညာ ပေါင်းစပ်ပေါင်းစည်းမှု၏အနာဂတ်ကို ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများက မည်သို့ပုံဖော်နေသည်ဆိုသည်ကိုပါ မီးမောင်းထိုးပြနေပါသည်။

အလားတူ မကြာသေးမီကပင် အမေရိကန်သုတေသီများသည် သွေးတစ်စက်တည်းကနေ ကင်ဆာအမျိုးအစား ၅၀ ကျော်ကို ရှာဖွေနိုင်သည့် လျှပ်စစ်နည်းပညာနှင့် AI နည်းပညာသုံး သွေးစစ်ဆေးမှုတစ်ခုကို ဖန်တီးခဲ့ကြပါသည်။ အဆိုပါစနစ်သည် စက်သင်ယူမှုဆိုင်ရာ အယ်လ်ဂိုရီသမ်များကို အသုံးပြုပြီး ရောဂါလက္ခဏာများ မပေါ်ခင် ကင်ဆာအကျိတ်များကနေ ထွက်လာသည့် DNA အပိုင်းအစလေးများကို ခွဲခြားသိမြင်လာစေပါသည်။ သမားရိုးကျ စစ်ဆေးမှုများနှင့်မတူဘဲ အဆိုပါစမ်းသပ်မှုသည် ပန်ကရိယကင်ဆာကနေ သားအိမ်ကင်ဆာအထိ ကင်ဆာအမျိုးအစားအများအပြားကို တစ်ကြိမ်တည်းနှင့် စစ်ဆေးတွေ့ရှိလာနိုင်ပါသည်။ ဆေးဘက်ဆိုင်ရာစမ်းသပ်မှုများ၌ တိကျမှုသည် ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး ရလဒ်များကို ၁၀ မိနစ်အောက်အချိန်အတွင်း သိရှိနိုင်ပါသည်။

ဆရာဝန်များက ယခုနည်းပညာသည် ကင်ဆာကို "နောက်ကျမှ" သိရသည့် အခြေအနေကနေ "အချိန်မီ" သိရှိနိုင်သည့် အခြေအနေကို ရောက်ရှိလာစေမှာဖြစ်ပြီး ကင်ဆာဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်ကို အကြီးအကျယ် ပြောင်းလဲပေးနိုင်လိမ့်မည်ဟု ပြောဆိုကြပါသည်။ ထို့အတူ တရုတ်သိပ္ပံပညာရှင်များကလည်း လူ့အဆုတ်များကို ခန္ဓာကိုယ်အပြင်ဘက်မှာ ခုနစ်ရက်ကျော်ကြာ အသက်ရှင်သန်နေအောင် ထိန်းထားနိုင်သည့် လျှပ်စစ်နည်းပညာနှင့် ဇီဝနည်းပညာသုံး အသက်ရှူစက်တစ်ခုကို တီထွင်ခဲ့ကြပါသည်။

အဆိုပါကိရိယာသည် သဘာဝအတိုင်း အသက်ရှူခြင်းကို ပုံတူကူးချထားခြင်းဖြစ်ပြီး အဆုတ်ထဲကို အောက်ဆီဂျင်၊ အာဟာရနှင့် သွေးများကို ပို့လွှတ်ပေးပြီး စွန့်ပစ်ဓာတ်ငွေ့များကို ဖယ်ရှားပေးပါသည်။ အဆိုပါ တီထွင်မှုသည် အစားထိုးကုသမှု နယ်ပယ်အတွက် အမှန်တကယ်အကျိုးရှိစေသည်။ ယခုအခါ ခွဲစိတ်ဆရာဝန်များသည် အဆုတ်ကို လူနာထဲ မထည့်သွင်းခင် စစ်ဆေးရန်၊ ပြုပြင်ရန်၊ မျိုးဗီဇပြောင်းလဲရန်အတွက် ယခင်က နာရီအနည်းငယ်ထက် ယခုအခါ ရက်အတော်ကြာသည်အထိ အချိန်ရရှိလာခဲ့ပြီဖြစ်ပါသည်။ အဆိုပါစက်မှ ရောဂါရှိသည့် အဆုတ်များကို အနီးကပ်လေ့လာနိုင်ရန် ကူညီပေးသည့်အတွက် အဆုတ်ကင်ဆာ၊ အဆုတ်မာရောဂါနှင့် ပြင်းထန်သည့် အဆုတ်ပိုးဝင်ခြင်းတို့လို ရောဂါများအတွက် ကုသနည်းအသစ်များကို ရှာဖွေလာနိုင်မှာ ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် တင်ပြပေးလိုသည်မှာ ပြင်သစ်သိပ္ပံပညာရှင်များသည် ဦးနှောက်-ကျောရိုး ဆက်သွယ်စနစ် (brain-spine interface) ကို တီထွင်ခဲ့ကြပြီး အကြောသေနေသည့်လူနာများကို ပြန်လည်လမ်းလျှောက်နိုင်စေခဲ့ခြင်းဖြစ်ပါသည်။ ဦးနှောက်ထဲ ထည့်သွင်းထားသည့် လျှပ်စစ်ပစ္စည်းများက လှုပ်ရှားမှုအချက်ပြမှုများကို ဖတ်ယူပြီး ပျက်စီးနေသည့် အာရုံကြောများကို ကျော်လွန်ကာ ကြိုးမဲ့စနစ်ဖြင့် ကျောရိုးရှိ လှုံ့ဆော်ပစ္စည်းများဆီသို့ ပို့လွှတ်ပေးပါသည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုတစ်ခုမှ ၁၀ စုနှစ် တစ်ခုကျော်ကြာ အကြောသေနေခဲ့သည့် အမျိုးသားတစ်ဦးသည် အဆိုပါစနစ်ကိုအသုံးပြုပြီး အခြားသူတစ်ယောက်၏အကူအညီမပါဘဲ ကိုယ်တိုင်လမ်း လျှောက်နိုင်ခဲ့ပါသည်။ ယခုတီထွင်နိုင်မှုသည် ကမ္ဘာတစ်ဝန်းက သန်းနှင့်ချီသည့် လူနာများအတွက် ပြန်လည်သန်စွမ်းရေးဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုချက်အသစ် ဖြစ်လာစေနိုင်သည်ဟုလည်း ဆရာဝန်များက ပြောကြားခဲ့ပါသည်။



အချုပ်အားဖြင့်ဆိုသော် တိုးတက်လာသော လျှပ်စစ်နည်းပညာကို အခြေခံထားသည့် AI နည်းပညာ၊ စက်ရုပ်နည်းပညာနှင့် ကွန်ပျူတာပညာများကို ပေါင်းစပ်အသုံးချနိုင်လာကြပြီး ဆေးပညာအတွက် မည်သည့်ကာလကနှင့်မှ မတူအောင် လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပြီး များစွာသော တီထွင်ဖန်တီးမှု အသစ်များကို ဖန်တီးလာနိုင်သည်နှင့်အမျှ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လျှပ်စစ်အသုံးပြုနည်းပညာများအနေဖြင့် လူသားတို့အား များစွာအကျိုးဖြစ်ထွန်းလာစေတော့မည်မှာ မလွဲဧကန်ဖြစ်၍ လူသားတစ်ရပ်လုံးမှ ကြိုဆိုသင့်ကြပါကြောင်းနှင့် အဆိုပါနည်းပညာများအား တလွဲမသုံးဘဲ ဆေးပညာအကျိုးပြုလုပ်ငန်းများစွာ ထပ်မံပေါ်ပေါက်လာပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Ref : News articles from Sufanslim page**

**မောင်မောင်စွယ်စုံထွန်း**



## ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံပွဲပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

**တောင်ကြီး အောက်တိုဘာ ၂**

၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံပွဲပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နေ့လွှတ်မီးပုံးပျံပြိုင်ပွဲဝင်စာရင်းပေးသွင်းရန် အောက်တိုဘာ ၁၅ ရက်အထိ လက်ခံဆောင်ရွက်ပေးသွားမည်ဟု ရှိုးရာမီးပုံးပျံပညာရှင်များအသင်း၊ ရှိုးရာမီးပုံးပျံ ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။ **(ဓဲပုံ)**

မီးပုံးပျံပြိုင်ပွဲကို တောင်ကြီးမြို့၊ အဝေရာမီးပုံးပျံကွင်းအတွင်း၌ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆုပေးပွဲကို နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

"နေ့လွှတ်မီးပုံးပျံပွဲပြိုင်ပွဲအရုပ်တွေထဲမှာ ခြေနှစ်ချောင်း၊ ခြေလေးချောင်းအရုပ် အုပ်စုပါဝင်ပါတယ်။ အောက်တိုဘာ ၁၇ ရက်မှာ ကန်ရှေ့ရပ်ကွက်ရုံးမှာ ပြိုင်ပွဲဝင်မီးပုံးပျံအဖွဲ့တွေ မဲနှိုက်ပါမယ်။ ဒါ့အပြင် ညလွှတ်ပြိုင်ပွဲမှာ ညမီးကြီး မီးပုံးပျံ၊ စိန်နားပန်မီးပုံးပျံတွေ လွှတ်တင်ယှဉ်ပြိုင်မယ့် အစီအစဉ်လည်းပါဝင်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။

နေ့လွှတ်အရုပ်မီးပုံးပျံပြိုင်ပွဲ စာရင်းပေးသွင်းခြင်းကို အောက်တိုဘာ ၁ ရက်မှ ၅ ရက်အထိ ကိုကန်အရှေ့ရပ်ကွက်ရုံးတွင်လည်းကောင်း၊ အောက်တိုဘာ ၆ ရက်မှ ၁၅ရက်အထိ ရတနာသီရိရပ်၊ အနောက်မြို့ပတ်လမ်းတွင်လည်းကောင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ဇ)**

# မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော် မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး အောက်တိုဘာ ၁ ရက် ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ပြီး မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား မန္တလေးတောင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ၊ ရင်ပြင်တော်ရှိ ခုံးများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုများ၊ ဘုရားဖူးများ ပုံမှန်ဝင်ရောက်မှု အခြေအနေများအား ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘုရားဖူးပြည်သူများ ဘေးကင်းလုံခြုံ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရေး၊ ဓာတ်လှေကား၊ စက်လှေကားများနှင့်ပတ်သက်၍ လိုအပ်သည့်ပြုပြင်မှုများကို အမြန်ဆုံးဆောင်ရွက်ရေး၊ မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေးတို့ကို အလေးထားကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီးနောက် ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**




# ဆေးတက္ကသိုလ်အသီးသီးမှ ဆေးပညာဘာသာရပ်ကို ထူးချွန်စွာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံဆေးပညာရှင်အသင်းမှ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ







**မန္တလေး အောက်တိုဘာ ၂**

မြန်မာနိုင်ငံဆေးပညာရှင်အသင်း (Internal Medicine Society) က ကြီးမှူးကျင်းပသည့် ဆေးတက္ကသိုလ်အသီးသီးမှ ဆေးပညာဘာသာရပ်ကို ထူးချွန်စွာ ဂုဏ်ထူးဖြင့်အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံဆေးပညာရှင်အသင်းမှ ဂုဏ်ပြုဆုများချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁ ရက် ညပိုင်းက မဟာအောင်မြေမြို့နယ်ရှိ Yadanarbon Hall မြနန်းဘုံစံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး)၊ တပ်မတော်ဆေးတက္ကသိုလ်တို့မှ ပါမောက္ခ(ဌာနမှူးများ)၊ ပါမောက္ခ ဆရာဝန်ကြီးများ၊ တွဲဖက်ပါမောက္ခများ၊ သမားတော်ကြီးများ၊ မြန်မာနိုင်ငံဆေးပညာရှင်အသင်းဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်(မန္တလေး)ဆေးပညာဌာန ပါမောက္ခဌာနမှူး၊ ပါမောက္ခ ဒေါက်တာအေးအေးချစ်နှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စစ်မှန်သောခံယူချက်၊ ယုံကြည်ချက်၊ ခိုင်မာသော စိတ်ဓာတ်တို့ဖြင့် ကြိုးစားအားထုတ်ခဲ့မှုကြောင့် ယခုလို အောင်မြင်မှုအသီးအပွင့်များကို ခံစားကြရခြင်းဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ်နောက်ဆုံးနှစ်အပိုင်း(ခ) M.B.B.S စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖြေဆိုသူဦးရေ ၁၂၉၄ ဦး ရှိသည့်ထဲမှ ဆေးပညာဘာသာရပ်ကို ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၃၃ ဦး ပေါ်ထွက်ခဲ့ရာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကြိုးစားအားထုတ်ခဲ့ကြသည့် ဆေးပညာရှင်များအနေဖြင့် သမားဂုဏ်၊ သမားကျင့်ဝတ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများကို အလုပ်အကျွေးပြုသူများဖြစ်အောင် ဆက်လက်ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ မြန်မာနိုင်ငံဆေးပညာရှင်အသင်းဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်(မန္တလေး) ဆေးပညာဌာန ပါမောက္ခဌာနမှူး၊ ပါမောက္ခ ဒေါက်တာအေးအေးချစ်က မြန်မာနိုင်ငံဆေးပညာရှင်အသင်း၏ လုပ်ဆောင်နေမှုများနှင့် စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီးနောက် ဆေးတက္ကသိုလ်(မန္တလေး) ဆေးပညာဌာနမှတ်တမ်း Video Clip ကို ပြသခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံ ဆေးပညာရှင်အသင်းဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်(မန္တလေး) ဆေးပညာဌာန ပါမောက္ခဌာနမှူး၊ ပါမောက္ခ ဒေါက်တာအေးအေးချစ်နှင့် တာဝန်ရှိသူများက ဆေးပညာဘာသာရပ်ကို ထူးချွန်စွာ ဂုဏ်ထူးဖြင့် အောင်မြင်သည့် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ခြောက်ဦး၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ငါးဦး၊ ဆေးတက္ကသိုလ်(မန္တလေး)မှ ခုနစ်ဦး၊ ဆေးတက္ကသိုလ်(မကွေး)မှ ခြောက်ဦး၊ ဆေးတက္ကသိုလ်(တောင်ကြီး)မှ ခုနစ်ဦးနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ နှစ်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံဆေးပညာရှင်အသင်းမှ ဂုဏ်ပြုဧည့်ခံခြင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၂**

ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဦးထွန်းစိုးက ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် ပြဋ္ဌာန်းထားသည့် အခွန်ဆိုင်ရာဥပဒေများ၊ သတ်မှတ်ထားသည့် အခွန်စည်းကြပ်ငွေများကို ကြည်ဖြူစွာပေးဆောင်သွားရန်နှင့် အခွန်ဆိုင်ရာဗဟုသုတများ သိရှိလာစေရန်အတွက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရှင်းလင်းဆွေးနွေးပွဲသို့တက်ရောက်လာသည့် နယ်ပယ်ကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များက အခွန်ပေးဆောင်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**



## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**နတ်မောက် အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်က နတ်မောက်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး နတ်မောက်မြို့နယ်၊ မယ်ဇလီပင်ကျေးရွာမှ ရေဘေးကြောင့် သေဆုံးသူခြောက်ဦးနှင့် နေအိမ်မျောပါပျက်စီးမှုအတွက် မိသားစုဝင်ဖြစ်သူ ဦးတင်ရွှေထံသို့ ငွေများ ထောက်ပံ့ပေးအပ်ပြီး တောင်တွင်းကြီး တပ်နယ်မှူး ဗိုလ်မှူးချုပ် ထွန်းထွန်းနိုင်က စည်သာကျေးရွာအုပ်စု၊ ကွဲမကျေးရွာမှ ရေဘေးကြောင့် သေဆုံးသူ တစ်ဦးနှင့် နေအိမ်မျောပါပျက်စီးမှုအတွက် စည်သာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညွန့်လင်းထံသို့ ထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းက စည်သာကျေးရွာအုပ်စု၊ ကွဲမကျေးရွာမှ ရေဘေးကြောင့် သေဆုံးသူတစ်ဦးနှင့် နေအိမ်မျောပါ ပျက်စီးမှုအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ထို့နောက် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးတို့က နတ်မောက်မြို့၊ အောင်ဆန်းရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများအား ဆန်၊ ခေါက်ဆွဲနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ ထောက်ပံ့ ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့်တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ရေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၅)

## သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဖြစ်ပေါ်လာစေရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး အောက်တိုဘာ ၂**



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ (Clean and Green Schools) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ခရိုင်အဆင့်လုပ်ငန်းအဖွဲ့က ယမန်နေ့ နံနက် ၉ နာရီခွဲမှစတင်ကာ ကွင်းဆင်းစစ်ဆေး၍ အကြံပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ညောင်ဦးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ (Clean and Green Schools) ပေါ်ထွန်းလာရေးနှင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်ပါဝင်သော သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းအခြေခံစံနှုန်းအညွှန်းကိန်းနှင့်အညီ ဖြစ်ပေါ်စေရေးအတွက် ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်း၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ကျော်စိုး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရည်မွန်သူ၊ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်တင့်တင့်အောင်တို့သည် ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဝါခင်းကြီးကျောင်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၁)

## ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး



**ကျွန်းလှ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကလေးငယ်များ ရောဂါကင်းစင်ပြီး ကျန်းမာသန်စွမ်းစေရန်အတွက် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

"ကျွန်းလှမြို့နယ်အတွင်းမှာရှိတဲ့ အသက် နှစ်နှစ်အောက်ကလေးများကို ပုံမှန်ကာကွယ်ဆေးများ လစဉ်ထိုးနှံတိုက်ကျွေးပေးပါတယ်။ မြို့ပေါ်ရပ်ကွက်များရှိ ကလေးများကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနနဲ့ ကျေးရွာများရှိ ကလေးများကို ပြည်သူ့ဆေးရုံစုရပ်များမှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နှင့် စနစ်တကျ ထိုးနှံတိုက်ကျွေးပေးပါတယ်"ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၈၀)

## ပလင်းကမ်းသာယာ ဆင်စခန်းသို့ ဝင်ရောက်နားနေလေ့လာနိုင်

**ညောင်ဦး အောက်တိုဘာ ၂**

သီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မြန်မာပြည်အရပ်ရပ်မှ လေ့လာရေး၊ ဘုရားဖူးလာရောက်ကြမည့် ဘုရားဖူးများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လေ့လာရေး၊ ဘုရားဖူးလာရောက်ရင်း ညောင်ဦးမြို့နှင့် ငါးမိုင်ခန့်ကွာဝေးသည့် ညောင်ဦး-ပခုက္ကူ-မြင်းခြံကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ ခရီးတစ်ထောက် ဝင်ရောက်နားနေပြီး ဆင်စခန်းဝင်းအတွင်း ဝင်ရောက်လေ့လာနိုင်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားသည့် ပလင်းကမ်းသာယာဆင်စခန်းတွင် စွယ်စုံဆင်ထီးနှစ်ကောင်၊ ဆင်မ လေး ကောင်ရှိပြီး၊ ဆင်စခန်းမှ သတ်မှတ်ထားချိန်များတွင် ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် ဆင်များစီး၍ ဧရာဝတီမြစ်အလှကို သဘာဝကျကျ ခံစားကြည့်ရှုနိုင်ပြီး ဆင်များအား ဆင်စာဘူဖေး ကျွေးမွေးနိုင်ခြင်း၊ ဆင်စာတစ်ဖန်းချင်းဝယ်ယူ၍ ကျွေးမွေးနိုင်ခြင်း၊ ဆင်စခန်းမှရောင်းချသော သန့်ရှင်းလတ်ဆတ်သည့် တရုတ်အစားအစာ၊ ဗမာအစားအစာနှင့် အသုပ်အမျိုးမျိုး၊ အချိုရည်အမျိုးမျိုးတို့အား မြစ်ကမ်းဘေးတွင် ဆောက်လုပ်ထားသည့် ခြေတံရှည်ထန်းရွက်မိုးတဲများပေါ်မှ စိတ်အေးချမ်းသာစွာ အနားယူမှာယူစားသောက်နိုင်သည်။ ဆင်စခန်းဝင်းအတွင်း ဆင်များလေ့လာလိုသူ ဆင်ချစ်သူများ အဆင်ပြေစေရန် ဓာတ်ပုံရိုက်ကူးနိုင်သည့် နေရာများကိုလည်း ဖန်တီးပေးထားကြောင်း လေညင်းခံရှုမျှော်ခင်းတံတားပေါ်တွင် အလှဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးနိုင်ရန် ငှက်တောင်ပံပုံ၊ TV ပုံ၊ အသည်းပုံများ ဖန်တီးပေးထားခြင်းနှင့် ဧရာဝတီမြစ်ကမ်းစပ် ဘောတွဲများပေါ်နှင့် မြစ်ကမ်းဘေးတို့တွင် အလှဓာတ်ပုံရိုက်ကူးနိုင်ခြင်း၊ ဆင်များနှင့်အတူ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးနိုင်ခြင်း၊ ဆင်စခန်းဝင်းနှင့် ကလေးဥယျာဉ်အတွင်းတွင် ကလေးငယ်များ ဆော့ကစားနိုင်ရန် ဆီးဆော၊ လျှောစင်၊ ဒန်း၊ ရဟတ်တို့ ဖန်တီးပေးထားခြင်းဖြင့် ကလေးကစားကွင်းဥယျာဉ်ကိုလည်း သစ်ပင်၊ ပန်းအလှပင်တို့ဖြင့် ဖန်တီးပေးထားကြောင်း ပလင်းကမ်းသာယာဆင်စခန်းတာဝန်ရှိသူများထံမှ သိရသည်။

ပလင်းကမ်းသာယာ ဆင်စခန်း ဝင်ကြေးအဖြစ် ပြည်ပနိုင်ငံသားတစ်ဦး ငွေကျပ် ၁၀၀၀၀၊ ပြည်တွင်းတစ်ဦး ငွေကျပ် ၁၀၀၀ နှင့် ကလေး၊ ရဟန်း၊ သီလရှင် ဆရာကြီး၊ ဆရာလေးများအား ဆင်စခန်းဝင်ကြေး ကင်းလွတ်ခွင့်ပြုထားကာ ဆင်စီးခအဖြစ် ပြည်တွင်းဧည့်သည်တစ်ဦး ငွေကျပ် ၅၀၀၀၊ ပြည်ပနိုင်ငံသားတစ်ဦး ငွေကျပ် ၁၀၀၀၀ နှင့် ရှစ်နှစ်အောက်ကလေးငယ်များ မိဘနှင့်အတူ အခမဲ့ဆင်စီးနိုင်သည်။ ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်းတွင် အဆင့်မီဆင်ပြတိုက်ဖွင့်လှစ်ထားရှိပြီး ဆင်ပြတိုက်ထဲတွင် ကမ္ဘာပေါ်တွင်ရှိသည့် အာရှဆင်နှင့်အာဖရိကဆင်များကိုပြသထားပြီး အာရှဆင်များမှာ ဦးနှောက်ဉာဏ်ရည်ဉာဏ်သွေးပြည့်မီကာ တန်ဖိုးကြီးမားကြောင်း၊ ခိုင်းစေ၍ သင်ယူရလွယ်ကူပြီး အာဖရိကဆင်များမှာ သင်ယူခိုင်းစေ၍မရကြောင်း၊ အာရှဆင်မှာ အထီးများသာ အစွယ်ပေါက်ကြပြီး ထူးခြားချက်အနေဖြင့် အင်အားအလွန်ကြီးမားသည့် ဟိုင်းဆင်များတွင်သာ အစွယ်မပေါက်ဘဲ ညာဘက်၊ ဘယ်ဘက် တစ်ဖက်ထဲတွင် အစွယ်တစ်ချောင်းသာ ပေါက်သည့်ဆင်များကိုလည်း ဟန်၊ တယ် နာမည်များ ပေးကြသည်။

အာဖရိကဆင်များသည် အမရော၊ အထီးပါ အစွယ်ပေါက်ကြကာ နားရွက် အင်မတန်ကားပြီး ကြီးကြောင်း အာရှဆင်နှင့် အာဖရိကဆင် ယှဉ်တွဲ၍ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားသည်။ ဆင်ပြတိုက်ထဲတွင် ဆင်တစ်ကောင်လုံး အရိုးစုအစစ်ပြသထားပြီး ဆင်စွယ်အခေါ်အဝေါ်များဖြစ်သည့် စွယ်တုတ်၊ သပိတ်ပိုက်၊ စွယ်ဝိုက်၊ စွယ်စိုက် ဆင်ထီးများ ဆင်စွယ်ထွက်ရှိပုံများကို ပြသပေးထားကာ ဆင်စီးပုခက်ပေါ်က ဆင်ဦးစီး၊ ဆင်ခေါင်း၊ ဆင်ပဲ့ချိတ်တို့၏ အဆင့်ဆင့်လုပ်ဆောင်ပုံများ၊ တောထဲ ဆင်ဝိုင်းများတွင် အလုပ်လုပ်ကြသည့် ဆင်ဝိုင်းပုံများကိုလည်း ပုံစံငယ်တဲများဖြင့် လေ့လာနိုင်ရန် ပြသပေးထားသည်။ တောထဲတွင် ဆင်များနှင့် ဆင်ဦးစီးတို့ အလုပ်လုပ်ကြပုံ၊ ဆင်ရေချိုး(ရေချိုးပုံ)နှင့် ဆင်သတ်မှဆိုးတို့၏ အန္တရာယ်အရှိဆုံး တိုင်းဒေသကြီး၊ ပြည်နယ်များအား ဗီဒီယိုဖြင့် ချိတ်ဆက်၍ ဆင်ပြတိုက်ထဲတွင် ပြသပေးထားသည်။ ထို့အပြင် ခေတ်အဆက်ဆက် ဆင်ဖြူတော်ပိုင်ဆိုင်ခဲ့သည့် မင်းများနှင့် ဆင်ဖြူတော်စီးရေ၊ ယနေ့ခေတ် ဆင်ဖြူတော်များ ဖမ်းမိသည့်နယ်မြေနှင့် ဆင်အမြှာပူးများ မွေးခဲ့သည့် သစ်ထုတ်လုပ်ရေးနယ်မြေများ၊ နှစ် ၈၀ ခန့်ရှိ ဆင်မှတ်ပုံတင်စာအုပ်တို့ကိုလည်း ဆင်ပြတိုက်ထဲတွင် ဆင်ချစ်သူများ လေ့လာနိုင်ရန် ဖန်တီးပေးထားသည်။

သီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ရင်း ခရီးတစ်ထောက်နားနေရာအဖြစ် ပလင်းကမ်းသာယာဆင်စခန်းသို့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၁)



# ဆ . . . ဆရာရှိသေပါ

**နွယ်စိမ်းမိုး(မဲကင်းကုန်း)**

"က-ကညစ် ပေမှာခြစ်၊ ခ-ခရာ အသံသာ၊ ဂ-ဂဏန်း ရေမှာ ဖမ်း၊ င-ငရုတ်စိမ်း စပ်ရှိန်းရှိန်း၊ စ-စပါး တို့အားထား၊ ဆ-ဆရာ ရှိသေပါ"ဟု စာရေးသူငယ်စဉ်က မျက်စိမှိတ်ပြီး အော်ဆိုခဲ့ဖူးသည်။ ထိုအချိန်က အဓိပ္ပာယ်ကိုကောင်းကောင်းမသိခဲ့ပေ။ ယခု အသက်လေးရလာတော့မှ ဆရာဆိုသည်မှာ အနန္တောအနန္တ ငါးပါးထဲမှာပါသော၊ရှိသေထိုက်သော၊ ရှိခိုးထိုက်သော ပုဂ္ဂိုလ်ဖြစ်သည်ကို ဂဃနဏ သိလာရတော့သည်။

လောကတွင် ဆရာသုံးပါးရှိသည်။ သင်ဆရာ၊ မြင်ဆရာနှင့် ကြားဆရာဟူ၍ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် ရှိသေလေးစားထိုက်သော၊ ရှိခိုးထိုက်သောသူများဖြစ်သည်။ ကာယကံ-ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ ဝစီကံ-နှုတ်ဖြင့်သော်လည်းကောင်း၊ မနောကံ-စိတ်ဖြင့်သော်လည်းကောင်း မပြစ်မှားထိုက်သောပုဂ္ဂိုလ်များသာ ဖြစ်ကြပေသည်။ ဆရာအာခံ၊အာခေါင်လှံစူးဆိုသော စကားပုံရှိသည်။ ထိုစကားပုံသည် အဟိတ်တိရစ္ဆာန်ဖြစ်သော ဖျိုင်းကို ဆရာဟု ပြောရမှာ ရှက်ကြောက်သောကြောင့် ဆရာမရှိဟု ပြောဆိုလိုက်ခြင်းကြောင့် အာခေါင်လှံစူးရခြင်းပင်ဖြစ်သည်။ သင်၏ အောင်မြင်ကြီးပွားတိုးတက်ခြင်းကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာဝမ်းမြောက်နိုင်သူသည် သင်၏မိဘနှင့် သင်၏ဆရာသာလျှင် ရှိပေသည်။ ထို့ကြောင့် ဆရာကို မပြစ်မှားထိုက်ပေ။

ဆရာဆိုသည်မှာလည်း - **အတတ်လည်းသင် ပဲ့ပြင်ဆုံးမ**
**သိပ္ပမချန် ဘေးရန်ဆီးကာ**
**သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့**
**ဝတ်ငါးဖြာ** ဟူ၍ ဆရာ့ကျင့်ဝတ်
များလည်း ရှိပေသည်။

လူ့ဘဝ စမွေးဖွားလာချိန်တွင် မိဘများက သားသမီးများကို အစစအရာရာ သင်ပေးရသည်။ ဥပမာအားဖြင့်-ဘဘလို့ခေါ်လိုက်၊ ဘွားဘွားလို့ ခေါ်လိုက်၊ ဘုန်းဘုန်းကို ဦးတော်လုပ်လိုက်၊ မီးမထိနဲ့ ပူပူ၊ ညစ်ပတ်တာတွေ စီစီတွေ မကိုင်နဲ့ စသည်ဖြင့် Meaning များကို သင်ပေးကြသည်။ ထို့ကြောင့် မိဘများသည် လက်ဦးဆရာများပင် ဖြစ်ပေသည်။

အသက် ငါးနှစ်ပြည့်ပြီးသောအခါတွင် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းအပ်နှံ၍ ဘဝရှေ့ရေးအတွက် ပညာသင်ကြားရတော့သည်။ ထိုအချိန်သည် ကလေးများ၏ ဘဝတွင် တကယ့်စွန့်စားခန်းကြီးတစ်ရပ်ပင် ဖြစ်ပေသည်။ မိမိအိမ်တွင် မိမိက ဗိုလ်ဖြစ်သည်။ မည်သူ့ကိုမှ ကြောက်စရာမလို။ စိတ်မထင်ရင် ငိုမယ်၊ စိတ်ကောက်မယ်။ ယခုသွားရမယ့်နေရာက မိမိစိတ်တိုင်းကျနေလို့မရ။ တုတ်တစ်ချောင်းကို ကိုင်ပြီး ကျောက်သင်ပုန်းကို တဖြန်းဖြန်းရိုက်နေသော ဆရာကြီးဖြစ်မည်ဟု ထင်သည်။ ကလေးစိတ်တွင် အလွန်တုန်လှုပ်စိတ်ညစ်နိုင်ပေသည်။ ထို့ကြောင့် KG ဆရာများသည် ချိုသာသော၊ နူးညံ့သော၊ ယဉ်ကျေးသော၊ မေတ္တာတရားပြည့်ဝသောသူတစ်ယောက်၊ ကလေးအတွက် အရာရာကို မိဘနှင့်မခြား ဖြည့်ဆည်းပေးနိုင်သူတစ်ယောက်အဖြစ် ရပ်တည်ကာ ကျောင်းပျော်ကလေးများဖြစ်အောင် ဆောင်ရွက်ကြရသည်။ ထို့ကြောင့် အလွန်အရေးကြီးသော၊ အဓိကနေရာတွင်ရှိသော ဆရာများပင် ဖြစ်ပေသည်။ ထို့ကြောင့် အလွန်ရှိသေလေးစားထိုက်ပါသည်။



အတန်းတက်၍ Grade-1,Grade-2,Grade-3 ဆရာ၊ ဆရာမများသည်လည်း အခြေခံ အရေးအဖတ်များကို ကျကျနန ရေးဖတ်နိုင်အောင် သင်ကြားပေးရမည်ဖြစ်သည်။ ဆရာ၊ ဆရာမ၏ မေတ္တာ၊ စေတနာ၊ ကရုဏာတို့နှင့် သင်ကြားပေးသောအခါ တပည့်များက နားလည်ခံစားတတ်ကြပေသည်။ တပည့်များကို ကြောက်နေရန်၊ လန့်နေရန် ဆရာ၊ ဆရာမများက မလုပ်ကြရပေ။ တပည့်များ၏ လိုအပ်ချက်၊ သိချင်တဲ့ အကြောင်းအရာတွေကို မေးနိုင်၊ ပြောနိုင်၊ အားကိုးနိုင်တဲ့ ဆရာ၊ ဆရာမဖြစ်ရန် ကြိုးစားကြရမည်။ ထိုကဲ့သို့သော စိတ်နှလုံးသားရှိသူသည် ဆရာ၊ ဆရာမများပင် ဖြစ်ပေသည်။ ထို့ကြောင့် ထိုဆရာ၊ ဆရာမများသည်လည်း အလွန်ရှိသေလေးစားထိုက်ပါသည်။

ဆက်လက်၍ အတန်းတက်ကာ Grade-4,Grade-5 ကျောင်းသားများကိုလည်း သင်ကြားသော ဆရာ၊ ဆရာမများက အခြေခံအုတ်မြစ်ဖြစ်သော မူလတန်းအဆင့်ကို ခိုင်ခံ့စွာ အထက်သို့ တက်ချင်သလောက်တက်နိုင်ပြီး မပြိုလဲသွားရန် ကြိုးစားအားထုတ် သင်ပေးကြသည်။ ဆရာ၊ ဆရာမလစာဖြင့် ဘဝကို ချို့တဲ့စွာ ရပ်တည်နေကြရသော်လည်း ဆရာ၊ ဆရာမ၏ အပြုံးပီတိက ငါ့တပည့်လေးတွေ အရာရှိ၊ အရာခံကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ ဖြစ်ပါစေဆိုတဲ့ ဆန္ဒတွေနဲ့ ပြုံးပြီးနေနိုင်တဲ့သူတွေက ဆရာ၊ ဆရာမတွေပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့ကို အလွန်ရှိသေလေးစားထိုက်ပေသည်။

ထို့အတူ အလယ်တန်းပညာဖြစ်သော Grade-6,Grade-7, Grade-8, Grade-9 သင် ဆရာ၊ ဆရာမများသည်လည်း ကျီးမမယ်၊ ကြက်မမြောက် အရွယ်များကို ထိန်းသိမ်းသင်ကြားရာတွင် မိမိသားသမီး၊ မိမိညီ၊ ညီမများကို ချစ်သောမေတ္တာနှင့် ထပ်တူထားပြီး တပည့်များကို သင်ကြားကြသည်သာ ဖြစ်သည်။ အချို့ဆရာ၊ ဆရာမများသည် မိမိဘဝကိုမေ့နေပြီး တပည့်များနှင့် သူ့ဘဝကုန်ဆုံးသွားကာ အပျိုကြီး၊ လူပျိုကြီးဘဝများနှင့်ပင် ဘဝကို အဆုံးသတ်သွားခဲ့ကြသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများသည် အလွန်ရှိသေလေးစားထိုက်ပေသည်။ ထိုနည်းတူ Grade-10,Grade-11, Grade-12 သင် ဆရာ၊ ဆရာမများသည်လည်း တပည့်များ၏ ဘဝတစ်ဆစ်ချိုး လမ်းလွဲမသွားစေရန်နှင့် ပညာတတ် လူတော်၊ လူကောင်းလေးများဖြစ်လာစေရန် ဘဝနှင့်ရင်းပြီး သင်ကြားပို့ချပေးကြသည်သာဖြစ်ပေသည်။ စာရေးသူတို့ ခေတ်က ၁၀ တန်းအောင်စာရင်းထွက်လျှင် ကာယကံရှင်ကျောင်းသားက မသိလိုက်မသိဘာသာနေကြသော်လည်း ဆရာ၊ ဆရာမများက အလွန်ပျော်ရွှင်ဝမ်းမြောက်နေကြသည်။ စာရေးသူ၏ ဆရာမမျက်နှာကို ယခုထိ သတိရနေမိသည်။ ဆရာမမျက်နှာကပြုံးပြီး မျက်ရည်များပင် ဆို့နေသည်။ ဆရာမက "ငါ့သား မင်းအောင်တယ်"ဟုဆိုကာ စာရေးသူ၏ခေါင်းကို ဖက်ထားသည်ကို မှတ်မိနေသေးသည်။ ဒီလိုမေတ္တာ၊ စေတနာ၊ ကရုဏာတွေရှိတဲ့ ဆရာ၊ ဆရာမများသည် အလွန်ရှိသေလေးစားထိုက်ပါပေသည်။

ယခုတော့ ကျွန်တော့်ရဲ့ ဆရာမကြီးတစ်ယောက် ကောင်းရာဘုံကို ရောက်ရှိသွားပြီဖြစ်ပါတယ်။ ဆရာမကြီးရဲ့ လုပ်ရပ်၊ စိတ်ဓာတ်တွေကို လေးစားရှိသေချစ်မြတ်နိုးလျက်ပါ။ ဆရာမကြီးပြောတဲ့စကားထဲက "လောကမှာ တစ်ရက်ပျော်ချင်ရင် ယမကာသောက်၊ တစ်နှစ်ပျော်ချင်ရင် အိမ်ထောင်ပြု၊ တစ်သက်ပျော်ချင်ရင် သစ်ပင်စိုက်၊ တစ်သံသရာလုံး ပျော်ချင်ရင်တော့ ဆရာ၊ ဆရာမလုပ်ပါ"ဟု ပြောတဲ့စကားလေးကို နားထဲမှာ အမြဲထပ်တလဲလဲကြားယောင်နေမိပါတော့သည်။

**(အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။)**

## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အဖွင့်အမှာစကားပြောကြားရာတွင် သက်ကြီးပုဂ္ဂိုလ်များ ဖြတ်သန်းကြုံတွေ့လာရတဲ့ အတွေ့အကြုံတွေ၊ ပညာတွေဟာ အနာဂတ်မျိုးဆက်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေ ဖြစ်ပါကြောင်း၊ ဒီအတွေ့အကြုံနဲ့ ပညာတွေကို လက်ဆင့်ကမ်း မျှဝေပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက် ပေးစေလိုအပ်ပါကြောင်း၊ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း သက်ကြီးပုဂ္ဂိုလ်များရဲ့ အတွေ့အကြုံ၊ ပညာတွေ မျှဝေပေးနိုင်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးသွားမှာဖြစ်ပါကြောင်း၊ မိမိတို့ဟာ သက်ကြီးပုဂ္ဂိုလ်များကို လေးစားထိုက် ဂုဏ်ပြုထိုက်သူများဖြစ်လို့ အခမ်းအနားကျင်းပပေးရုံသက်သက်မဟုတ်ဘဲ သက်ကြီးပုဂ္ဂိုလ်များရဲ့ဘဝ အမှန်တကယ် လုံခြုံစေရေးနဲ့ သက်ကြီးပုဂ္ဂိုလ်များရဲ့ စွမ်းအားကို နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်မှာ ထည့်သွင်းအသုံးပြုသွားနိုင်ရေးအတွက်လည်း အခွင့်အလမ်းများ ဖန်တီးပေးဖို့ လိုအပ်မှာ ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ပေးပို့လာသော Video Clip ကို ပြသပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြု၍ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများက တောင်ကြီးမြို့ပေါ်ရပ်ကွက် (၂၂) ရပ်ကွက်မှ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွား ၄၄၀ ဦးတို့အား လှူဒါန်းငွေနှင့်ဂါရဝပစ္စည်းများ ကန်တော့ခဲ့ကြကြောင်း သိရသည်။


(အောက်ပုံ)

(၃၆၈)



# ကြည်မင်းဝေ၏ "မြေနုကျွန်းသစ္စာ" ဝတ္ထုတိုပေါင်းချုပ်စာအုပ် ထွက်ရှိ

ဆရာ ကြည်မင်းဝေ (အမျိုးသားစာပေဆုရှင်)၏ 'မြေနုကျွန်းသစ္စာ' ဝတ္ထုတိုပေါင်းချုပ်စာအုပ်




ထွက်ရှိလာသည်။ တက္ကသိုလ်တေဇာလင်း၏ ဖတ်ရှုတည်းဖြတ်သူ၏ အမြင်၊ မောင်ဖူးလုံ့(ပုသိမ်ကြီး)၏ အမှာစာ(သို့မဟုတ်) အမှာပါးလိုက်တဲ့စာ၊ ခင်အုန်းမြင့်(ငယ်ဦး-စည်ပင်)၏ ဇရာဝတီက ပေးသည့်သစ္စာ၊ ကြည်မင်းဝေ၏ အတိတ်ကို ငဲ့ကြည့်ခြင်း စသည့် အမှာစာများ ပါရှိပြီး ဝတ္ထုတို(၂၄)ပုဒ်ဖြင့် ဖိုးဝစာပေမှ ထုတ်ဝေထားခြင်းဖြစ်ကာ ဆရာငယ်စဉ်က ကိုယ်တွေ့မျက်မြင် ကြုံတွေ့ခဲ့ရသော ဝမ်းနည်းဖွယ်၊ ကြေကွဲဖွယ်၊ သင်ခန်းစာယူဖွယ် အဖြစ်အပျက်များကို ရေးသားထားခြင်း ဖြစ်သည်။

ယခုထွက်ရှိသည့်စာအုပ်သည် ဆဋ္ဌမမြောက်စာအုပ်ဖြစ်ပြီး ပထမဆုံးစာအုပ်အဖြစ် ၂၀၁၇ ခုနှစ်တွင် 'မိုးသည်းသောည' (ဝတ္ထုတိုပေါင်းချုပ်)၊ ဒုတိယစာအုပ်အဖြစ် ၂၀၁၉ ခုနှစ်တွင် 'တိမ်ရိပ်ခိုဘဝများ'(ဝတ္ထုတိုပေါင်းချုပ်)၊ တတိယစာအုပ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် 'ရွှေရင်နှစ်(မြို့သာ)နှင့်တွဲလျက်' (ဘဝထဲက ဝတ္ထုတိုများ)၊ စတုတ္ထစာအုပ်အဖြစ် ၂၀၂၁ ခုနှစ်က 'တုယှဉ်လို့ဘယ်မမီ'(ဝတ္ထုတိုပေါင်းချုပ်)၊ ပဉ္စမစာအုပ်အဖြစ် ၂၀၂၃ ခုနှစ်က 'စစ်သူကြီး မဟာမင်းထင်နော်ရထာ'(လုံးချင်းဝတ္ထုရှည်)(အမျိုးသားစာပေဆုရ)တို့ကို ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

အဆိုပါစာအုပ်ကို မန္တလေးမြို့ပေါ်ရှိ စာအုပ်ဆိုင်များနှင့် ကိုလတ်စာပေ(ရန်ကုန်မြို့)ရှိ စာအုပ်ဆိုင်တို့တွင် တစ်အုပ်လျှင် ၁၀၀၀၀ ကျပ်ဖြင့် ဝယ်ယူဖတ်ရှုနိုင်သည်။

(ဝဲပုံ)

**အောင်မျိုးမြတ်(မန္တလေး)**

# ပုသိမ်ကြီးမြို့နယ်တွင် အခွန်ပညာပေး ဆွေးနွေး

**ပုသိမ်ကြီး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက မြို့နယ် အခွန်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ အခွန်ပညာပေးဆွေးနွေးပွဲတွင် ပုသိမ်ကြီးမြို့နယ် အခွန်ဦးစီးမှူး ဒေါ်မော်မော်ခိုင်က ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးရမည့် အခွန်ဆိုင်ရာ ဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အခွန်အကြောင်း သိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွင်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် တည်ဆဲအခွန်များဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

(အောက်ပုံ)

အခမ်းအနားသို့ မြို့နယ် အခွန်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊



မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝ၉၅)

# ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များ၌ စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းအနေဖြင့် ပြည်သူများ အခြေခံစားသောက်ကုန်များ ဝယ်ယူသုံးစွဲရာ၌ အထောက်အကူပြုစေရန်အတွက် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်နယ်များ၌ စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။



(ဝဲပုံ)

ထိုသို့ရောင်းချရာ၌ ကျောက်ဆည်မြို့နယ်၌ ဦးနန်းဦး(နဒီဇရာ) စားအုန်းဆီ လက်လီလက်ကားရောင်းဝယ်ရေးဆိုင်မှ ထနောင်းတပ်ကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၁၁၀၊ စဉ့်ကိုင်မြို့နယ်၌ ဦးကျော်ဆွေဝင်း(ငွေပင်လယ်စားသုံးဆီ လက်လီလက်ကားရောင်းဝယ်ရေး)ဆိုင်မှ ပလိပ်ဈေးသစ်ရပ်ကွက် ပြည်သူများအား ပိဿာ ၃၃၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၇၇၂၀ ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။

(၄၈၅)

# ငလျင်ဘေးသင့်လူငယ်များ ပြန်လည်ထူထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေး အိမ်တွင်းမှုယိုစုံသင်တန်းဖွင့်လှစ်မည်

**မန္တလေး အောက်တိုဘာ ၂**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သော မြေငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း မိသားစုအများအပြား၏ စီးပွားရေးနှင့် လူနေမှုဘဝများ ထိခိုက်ပျက်စီးခဲ့ရသည့် ငလျင်ဒဏ်သင့်လူငယ်များ၏ စားဝတ်နေရေးဘဝ ပြန်လည်ထူထောင်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုယိုစုံသင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ ၂၃ ရက်အထိ အောင်မြေသာစံမြို့နယ်၊ ၁၄ လမ်းနှင့် ၆၂ လမ်းထောင့်၊ ဇီဝိတဒါန သံဃာ့ဆေးရုံဝင်းအတွင်းရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ယာယီရုံးတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ယိုစုံသင်တန်း တက်ရောက်လိုသူများသည် အောက်တိုဘာ ၁၀ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အသင်းရုံး ဖုန်း ဝ၉-၄၀၂၅၁၄၆၇၈ နှင့် ဝ၉-၄၂ ဝဝ၈၉၄၉ဝ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ဝ၄၅)


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လင်းလိုက်စမ်းပါ ကြယ်ကလေး

* မြတ်သောဆရာ မြတ်ဆရာ
ဉာဏစစ်သည်ပါ ။
* ကျိုးကြောင်းပြကာ ဆိုဆုံးမ
ဂုဏ်ကြီးလှပေစွ ။
* လေးစားကာပ ရှိသေလေ
အနန္တဂိုဏ်းဝင်တွေ ။
* မရှိမသေ ဆက်ဆံက
အပြစ်ကြီးပေစွ ။
* အမိ အဖ အုပ်ထိန်းကာ
အဓိက တာဝန်ပါ ။
* မိဘ၊ ဆရာ ပူးပေါင်းမှ
ကျောင်းသား နောင်ရေးလှ ။
* စိတ်ဓာတ်ကောင်းမှ စည်းကမ်းသည်
ကောင်းမွန်လာပါမည် ။
* ပညာဟူသည် ထူးချွန်ရေး
ညီစွာ ဝိုင်းထိန်းပေး ။
* ဘဝရှေ့ရေး လင်းလက်ကြယ်
ခေါင်းဆောင်ဖြစ်ရန်ရှယ် ။
* လင်းလက်ကြယ် တောက်ပဖို့
မှန်စွာ နည်းပြစို့ ။
* ခေါင်းဆောင်ဖြစ်ဖို့ ဆိုလျှင်ကွယ်
ထူးချွန်ဖို့ လိုတယ် ။
* ငယ်ရွယ်သူ မောင်မယ်များ
မိဘ၊ ဆရာ ဝိုင်းဝန်းထား
သင်ကြားပေးပါလား ။ ။

စောရွှေမြင့်(ချပ်သင်း)

*-*-*-*-*



# ခုတင်(၅၀၀) ကလေးအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော ချို့တဲ့နွမ်းပါးလူနာများအား ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၂**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ ၆၆လမ်းရှိ ခုတင်(၅၀၀) ကလေးအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော ချို့တဲ့နွမ်းပါးလူနာများအား လစဉ်



ငွေနှင့်စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါ ခုတင်(၅၀၀) ကလေးအထူးကုဆေးရုံကြီး ကုသဆောင်များတွင် ကူညီထောက်ပံ့ခဲ့သည်။

ချို့တဲ့နွမ်းပါးလူနာများအား လှူဒါန်းပွဲသို့ မန္တလေး ခုတင်(၅၀၀)ကလေးအထူးကုဆေးရုံကြီး မှ တာဝန်ခံဆရာဝန်၊ ဆေးလူမှုဆက်ဆံရေးအရာရှိနှင့် အလှူရှင် ဦးအောင်ကျော်ဦးနှင့် မိတ်ဆွေသူငယ်ချင်းများ၊ မန္တလေး တက္ကသိုလ်ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြပြီး ချို့တဲ့နွမ်းပါးလူနာတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လူနာ ၉၂ ဦးအား စုစုပေါင်း ငွေကျပ် ၉၂ သိန်းနှင့် စားသောက်ဖွယ်ရာများ ကုသိုလ်ပြုလှူဒါန်းခဲ့ကြသည်။ ဆေးရုံကြီးများတွင် တက်ရောက်ကုသလျက်ရှိသော ဆင်းရဲနွမ်းပါးလူနာများအား လစဉ်လှူဒါန်းရေးအတွက် စေတနာရှင်များ ကုသိုလ်ပါဝင်နိုင်ကြောင်း သိရသည်။ **(ခဲပုံ) (၀၄၅)**



# KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်း နေ့လယ်စာအာဟာရ ကျွေးမွေးခြင်းဆောင်ရွက်

**တောင်တွင်းကြီး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်တွင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ KG ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းတွင်းနေ့လယ်စာ အာဟာရကျွေးမွေးခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက စတင်၍ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ခဲ့ကြသည်။

အာဟာရကျွေးမွေးရာ၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၆ ကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၅၉ ဦးတို့အား ကျန်းမာသန့်စွမ်းပြီး အာဟာရပြည့်ဝစေရန် အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ် စသည်တို့ပါဝင်သော အာဟာရဖြစ်စေမည့်ထမင်း၊ ရွှေဖရုံသီးဟင်း၊ ပဲဝါလေးဟင်း၊ ကြက်ဥ၊ ဖီးကြမ်းငှက်ပျောသီး စသည့် စားသောက်ဖွယ်ရာများအား ကျွေးမွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါကျောင်းတွင်း နေ့လယ်စာအာဟာရ ကျွေးမွေးရာနေရာများသို့ မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးမှူး ဦးခင်မောင်ရီနှင့် ကျန်းမာရေး ဆရာ၊ ဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နောင်နောင်(ဗိသနိုးမြေ)**

# ရွာသစ်ကုန်းကျေးရွာ မူလတန်းကြိုကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးလှူဒါန်း

**ပွင့်ဖြူ အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရွာသစ်ကုန်း ကျေးရွာ မူလတန်းကြိုကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား စက်တင်ဘာ ၂၉ ရက်က ရွာဦးဘုန်းတော်ကြီးကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တတိလောကနှင့် အလှူရှင်များက စားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းခဲ့သည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ ဖွံ့ဖြိုးစေရန် အာဟာရကျွေးမွေးလှူဒါန်းရာတွင် ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဘဒ္ဒန္တတိလောက ဦးဆောင်သော အလှူရှင်များက မူလတန်းကြိုကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးအား နွားနို့၊ ပေါင်မုန့်၊ ချောကလက်ဝေဖာမုန့်တို့ကို ကျွေးမွေးလှူဒါန်း၍ တစ်ကိုယ်ရေ ကျန်းမာရေးနှင့် ပညာရည်ထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မိန့်ကြားသည်။

အဆိုပါ အာဟာရကျွေးမွေးလှူဒါန်းရာတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဆရာ၊ ဆရာမများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၄၅)**





# စစ်ကိုင်းမြို့၊ မီးရထားရပ်ကွက်တွင် လေးပြင်၊ လေးရပ်မှ လာရောက်ကြသူများအား စတုဒိသာကျွေးမွေးလှူဒါန်း

**စစ်ကိုင်း အောက်တိုဘာ ၂**

စစ်ကိုင်းမြို့၊ မီးရထားရပ်ကွက်၊ နယ်မြေ(၉)နေ ဦးဝင်းမြင့်ထွန်း + ဒေါ်မြတ်မြတ်မိုး၏ နေအိမ်တွင် ယမန်နေ့ နံနက်ပိုင်းက ပင့်သံဃာများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ ဆက်ကပ်၍ အရဏ်ဆွမ်း မုန့်ဟင်းခါးနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းမှုများ ပြုကြသည်။

ထို့နောက် လေးပြင်၊ လေးရပ်မှ လာရောက်ကြသူများအား အယုတ်အလတ် အမြတ်မရွေး မုန့်ဟင်းခါးများ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါလှူဒါန်းမှုကို အလှူရှင် မိသားစုသည် နှစ်စဉ်မပြတ် ကျွေးမွေးလှူဒါန်းခဲ့ရာ ယခုလှူဒါန်းမှုသည် ခုနစ်ကြိမ်မြောက် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၇၀)**

# လျှော်ဘေးသင့်ပြည်သူများ၊ ဝန်ထမ်းနှင့် မှီခိုမိသားစုဝင်များအား ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်

**တံတားဦး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် ငလျင်ဘေးသင့်ပြည်သူများ၊ ဝန်ထမ်းနှင့် မှီခိုမိသားစုဝင်များအား ၂၀၂၅ ခုနှစ်၊ ဇွန်လ တစ်လအတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့၊ အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ငလျင်ဘေးသင့်ပြည်သူများ၊ ဝန်ထမ်းနှင့် မှီခိုမိသားစုများအား ၂၀၂၅ ခုနှစ်၊ ဇွန်လတစ်လအတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဆန်ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**(အောက်ပုံ)**

တံတားဦးမြို့နယ်အတွင်း ငလျင်ဘေးသင့်ပြည်သူ ၇၁၈၁ ဦးအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိတစ်လစာအား ပထမအကြိမ်အဖြစ် စုစုပေါင်းငွေကျပ် ၃၈၀ ဒသမ ၃၁၆ သန်းကိုလည်းကောင်း၊ ဒုတိယအကြိမ်တွင် ငလျင်ဘေးသင့်ပြည်သူများ၊ ဝန်ထမ်းနှင့် မှီခိုမိသားစုဝင်များ စုစုပေါင်း ၉၄၀၇ ဦးအား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိတို့အား ထောက်ပံ့ပေးနိုင်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်က တတိယအကြိမ်အဖြစ် ငလျင်ဘေးသင့်ပြည်သူများ၊ ဝန်ထမ်းနှင့် မှီခိုမိသားစုများ စုစုပေါင်း ၉၄၀၇ ဦးအား ၂၀၂၅ ခုနှစ်၊ ဇွန်လတစ်လအတွက် စုစုပေါင်း ဆန်အိတ်ပေါင်း ၂၉၃၉ ကျော်အား ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(၄၀၉)**

၀-၀-၀-၀-၀-၀-၀



# မွေးမြူရေးဘဏ်စနစ်ဖြင့် တိရစ္ဆာန်မျိုးကောင်း မျိုးသန့်ဒေသနွားများ အခမဲ့ဖြန့်ဖြူးပေး

**ကျိုင်းတုံ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ၊ မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူရေးတောင်သူများအား တိရစ္ဆာန်မျိုးကောင်း၊ မျိုးသန့် ဒေသနွား၊ နွားပြာစိမ်းအမ ၁၀ ကောင် အခမဲ့ဖြန့်ဖြူးပေးအပ်ပွဲကို ယမန်နေ့က ကတ်ထိုက်ကျေးရွာအုပ်စု၊ တုံကွမ်ကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနိုးဝေတို့က အမှာစကား ပြောကြားကြပြီး ကျိုင်းတုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမျိုးနိုင်က ဖြန့်ဖြူးပေးသည့် ဒေသနွား၊ နွားပြာစိမ်းအမ ၁၀ ကောင်အား မွေးမြူရေးဘဏ်စနစ်အရ ကျေးရွာကော်မတီမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာကော်မတီထံ ဒေသနွား နွားပြာစိမ်းအမ ၁၀ ကောင်နှင့် စာချုပ်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့အတူ ကျိုင်းတုံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေသအတွင်း ဝက်သားထုတ်လုပ်မှု မြင့်မားရေးအတွက် ယမန်နေ့က မွေးမြူရေးဘဏ်စနစ်ဖြင့် ကတ်ဖကျေးရွာအုပ်စု၊ နောင်ဟောင်ကျေးရွာမှ မွေးမြူရေးတောင်သူများအား ဒေသဝက် အကောင် ၅၀ ကို အခမဲ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မျက်စိလျှကြ၊ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန။**

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပို့ကုန်ပဲများ ဈေးအနည်းငယ် ကျဆင်းနေသော်လည်း ပြည်တွင်းသုံးပဲများ အရောင်းအဝယ်ကောင်းနေ



အောက်တိုဘာလဆန်းပိုင်းတွင် ပြည်တွင်းငွေလဲနှုန်းကျဆင်းမှုနှင့်အတူ ပို့ကုန်ပဲများ ဈေးအနည်းငယ်ကျဆင်းနေသော်လည်း ပြည်တွင်းသုံးပဲများ အရောင်းအဝယ်ကောင်းနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

သီတင်းကျွတ်ကာလ ပြည်တွင်းသုံးပဲများအရောင်းအဝယ်ကောင်းနေပြီး ဈေးကွက်အတွင်း အဝင်နည်းလာ၍ မြေပဲလုံးဆန်များ ဈေးအနည်းငယ် မြင့်တက်လာကြောင်း၊ ပို့ကုန်ပဲများမှာ ပြည်တွင်း ဒေါ်လာဈေးကျဆင်းမှုကြောင့် အနည်းငယ် ဈေးကျဆင်းမှုရှိသော်လည်း အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့ချိန်ဖြစ်သောကြောင့် ပေါက်ဈေးအတိုင်း အဝယ်ရှိနေကြောင်း မကြာမီ စိုက်ပျိုးမည့်ပြည်တွင်းသုံးပဲမာလိုင်းများမှာ မျိုးဈေးကွက်အရောင်းအဝယ်ကောင်းနေကြောင်း ပဲကုန်သည် ဦးဆန်းထွန်းလွင်က ပြောသည်။

"သီတင်းကျွတ်ကာလဖြစ်လို့ ပြည်တွင်းသုံးပဲများ လိုအပ်သလောက်သာ အရောင်းအဝယ်ဖြစ်နေပါတယ်။ မြေပဲလုံးဆန်ကတော့ မန္တလေးဈေးကွက်အတွင်း အဝင်နည်းလို့ ဈေးနည်းနည်းမြင့်တက်လာပါတယ်။ ဆီစက်ပိုင်များ သီတင်းကျွတ်ကာလ ဆီကြိတ်ခွဲမှု ကောင်းလာလို့ မြေပဲဆီဆန်ဈေးလည်း မြင့်တက်လာပါတယ်။ ပို့ကုန်ပဲများမှာတော့ မတ်ပဲ၊ ပဲစင်းငုံတို့ ဈေးအနည်းငယ်ကျဆင်းမှုရှိပေမယ့် ပဲတီစိမ်းမှာ ပို့ကုန်သမားများ လိုအပ်ချက်ရှိလို့ အဝယ်ရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

အောက်တိုဘာ ၁ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေလျက်ရှိရာ ပဲစင်းငုံ ပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၁၀၀၀၊ မတ်ပဲပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၁၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ် အတက်အကျရှိသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၉၀၀၀၊ 929ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အောက်တိုဘာ ၁ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀၊ ကျွန်းစားတော်ပဲ(မျိုး) တစ်အိတ်လျှင် ငွေကျပ် ၇၄၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၁၅၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ အောက်တိုဘာ ၁ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၄၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၂၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိသာလျှင် ငွေကျပ် ၈၃၀၀၊ မြေပဲဆီ တစ်ပိသာလျှင် ငွေကျပ် ၁၄၅၀၀၊ ပဲဖတ် တစ်ပိသာလျှင် ငွေကျပ် ၅၆၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

သီတင်းကျွတ်လပြည့် နောက်ပိုင်းတွင် တောင်သူအများစုက ပဲမျိုးစုံကို ပြန်လည်စိုက်ပျိုးတော့မည်ဖြစ်ရာ မျိုးဈေးကွက် အရောင်းအဝယ်ကောင်းနေခြင်းဖြစ်သည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲများဖြစ်နိုင်သလို ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှ ထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**ရွှေမန်း**



## ကြံတစ်တန် စက်ရုံအရောက် ငွေကျပ် ၁၇၀၀၀၀ ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ငွေရည်ပုလဲသကြားစက်ထုတ်ပြန်

ကြံတစ်တန် စက်ရုံအရောက် ငွေကျပ် ၁၇၀၀၀၀ ဈေးဖြင့် ငွေရည်ပုလဲသကြားစက်က အောက်တိုဘာ ၁ ရက်က ထုတ်ပြန်ခဲ့ရာ ယခင်နှစ်ထက် ကြံတစ်တန် ဈေးနှုန်းကျဆင်းခဲ့သည်။

မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက ပြည်တွင်းသကြားစက်များမှ ကြံတစ်တန် ဈေးနှုန်းသတ်မှတ်ရန် မကြာမီ ဆွေးနွေးထုတ်ပြန်ရန်ရှိနေပြီး ပြည်တွင်းသကြားဈေးကိုအခြေခံဈေးထား၍ ဝယ်ယူရန်သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်သည်။

ကြံရာသီ နီးလာသောကြောင့် သကြားစက်ရုံများက နယ်မြေအလိုက် ကြံတစ်တန်ဈေး သတ်မှတ်ဝယ်ယူရာ ၂၀၂၃- ၂၀၂၄ ရာသီအတွက် ကြံတစ်တန်လျှင် စက်ရုံအရောက် ငွေကျပ် ၁၅၀၀၀၀၊ ၂၀၂၄-၂၀၂၅ ရာသီတွင် ကြံတစ်တန် ငွေကျပ် ၂၀၀၀၀၀ အထိ ဝယ်ယူခဲ့သည်။

၂၀၂၅-၂၀၂၆ ကြံစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ သကြားစက်ရုံများက ကြံဈေး ထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း ငွေရည်ပုလဲသကြားစက်ရုံက ကြံတစ်တန်လျှင် ငွေကျပ် ၁၇၀၀၀၀ သတ်မှတ်ကြောင်း ထုတ်ပြန်လာခြင်းဖြစ်သည်။

လက်ရှိ ပြည်တွင်းသကြားဈေးမှာ အောက်တိုဘာလဆန်းပိုင်းတွင် တစ်ပိသာလျှင် ငွေကျပ် ၄၀၀၀ ဝန်းကျင်ခန့် ပေါက်ဈေးရှိနေပြီး ပြည်တွင်းသကြားဈေးမှာ ကျဆင်းနေသည်။

ကြံစိုက်တောင်သူများအနေဖြင့် သွင်းအားစု၊ လုပ်သားစရိတ်၊ စက်သုံးဆီဈေး၊ မြေသြဇာဈေးများမြင့်တက်နေသောကြောင့် စိုက်ပျိုးစရိတ်မြင့်မားလာပြီး ကြံတစ်တန်ဈေး ငွေကျပ် ၁၇၀၀၀၀ မှာ သင့်တင့်မှုတသည့် ဈေးနှုန်းဖြစ်ကြောင်း ကြံတောင်သူတစ်ဦးက ပြောသည်။

"လုပ်သားစရိတ်၊ စက်သုံးဆီဈေးတွေ၊ မြေဆီဈေးတွေ တစ်နှစ်ထက်တစ်နှစ် ဈေးမြင့်လာတာကြောင့် စိုက်ပျိုးစရိတ်လည်း မြင့်တက်လာပါတယ်။ ကြံတစ်တန်ဈေးက ငွေကျပ် ၁၇၀၀၀၀ ဆိုတာ လက်ရှိ သကြားပေါက်ဈေးနဲ့ တွက်ချက်ရင် သင့်တင့်မှုတတဲ့ ဈေးဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

**(မန္တလေးနေ့စဉ်-၆)**

## ပထမနှစ်ဝက် ဆန်တင်ပို့မှုအခြေအနေ ထုတ်ပြန်

**မန္တလေး အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဘဏ္ဍာနှစ်ပထမနှစ်ဝက် ဆန်ပြည်ပသို့ တင်ပို့မှုအခြေအနေကို အောက်တိုဘာ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပြည်ပသို့ ဆန်၊ ဆန်ကွဲတန်ချိန် ၁၂ သိန်း တင်ပို့ရန် လျာထားသည့်အနက် စက်တင်ဘာ ၃၀ ရက်အထိ ဆန်၊ ဆန်ကွဲတန်ချိန် ၁၂၀၆၄၀၈ တန်ကို လျာထားချက်အတိုင်း တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၈ သန်း ဝန်းကျင်ရရှိခဲ့သည်။

ဒုတိယခြောက်လပတ်ကာလအတွင်း ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မတ်လကုန်အထိ တစ်လလျှင် ဆန်၊ ဆန်ကွဲတန်ချိန် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း တန်ချိန် ၁၈ သိန်းတင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယခုဘဏ္ဍာနှစ် ၂၀၂၅-၂၀၂၆ တွင် ဆန်၊ ဆန်ကွဲတန်ချိန် သုံးသန်း တင်ပို့ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လျာထားပြီး ယခင်ဘဏ္ဍာနှစ်က ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၄၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်**

**(စိုက်ပျိုးရေးသတင်းထောက်)**

## မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသော ကော်ဖီများကို ပြည်ပနိုင်ငံများက စိတ်ဝင်စားမှုရှိသဖြင့် တိုးချဲ့စိုက်ပျိုးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂**

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသော ကော်ဖီများကို ပြည်ပနိုင်ငံများက စိတ်ဝင်စားမှုရှိခြင်းကြောင့် ကော်ဖီစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧကတစ်သိန်းပြည့်မီရန်အတွက် လျာထားစိုက်ပျိုးလျက်ရှိပြီး ဈေးကွက်ကျယ်ပြန့်စေရေးအတွက်လည်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိသည်။

"တရုတ်နိုင်ငံ၊ယူနန်ပြည်နယ်မှ ကော်ဖီစိုက်ပျိုးထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေက မြန်မာနိုင်ငံကို လာရောက်ပြီး ကော်ဖီစိုက်ပျိုးဖို့ စိတ်ဝင်စားကြတယ်၊ ပြည်တွင်း ကော်ဖီစိုက်ပျိုးမှုကဏ္ဍတွေမှာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ကို သွားရောက်ပြီး ဆွေးနွေးမှုတွေ လုပ်ခဲ့ကြတာတွေလည်းရှိတယ်" ဟု ကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအတွင်းမှ လုပ်ငန်းရှင်များနှင့် ယူနန်ပြည်နယ်ရှိ စိုက်ပျိုးသူများမှာ စက်တင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ယူနန်ပြည်နယ်ရှိ ကော်ဖီစိုက်ခင်းများသို့ သွားရောက်ကာ စိုက်ပျိုးထုတ်လုပ်မှုများ၊ လေ့လာမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးမှုပိုင်းဆိုင်ရာများ၊ထုတ်လုပ်မှုပိုင်းဆိုင်ရာများကို စနစ်တကျလေ့လာမှုများ ပြုလုပ်ခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားရန်လည်း ဆွေးနွေးခဲ့ကြသည်။

လက်ရှိပြည်တွင်း ကော်ဖီထုတ်လုပ်မှုကဏ္ဍတွင် ပိုမိုတိုးတက်ဖွံ့ဖြိုးရန်လိုအပ်သေးသဖြင့် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းထုတ်လုပ်မှု၊ စိုက်ပျိုးမှုများကို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းကော်ဖီစိုက် ပျိုးမှုကဏ္ဍ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၈)**



# မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၁)၊ ဦးပိုင်အမှတ်(၃၉-က) ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအား ဒေါ်အယ်နီမြင့် (ဘ)ဦးဘချို(၉/မနမ(နိုင်)၀၉၂၅၉၈)တစ်ဦးတည်းပိုင်ဆိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ်(၄၅/၂၀၁၅)တွင် ဦးစိုးဝင်းမှ တရားလိုပြုလုပ်ကာ (၁)ဒေါ်အယ်နီမြင့်၊ (၂)မဟေမာမြင့်အောင်၊ (၃)မသီရိမြင့်အောင်၊ (၄)ဒေါ်ဂီတာ၊ (၅)ဒေါ်ရေခါ၊ (၆)ကိုမင်းနိုင်၊ (၇)မသီရိဆွေ၊ (၈)မောင်မျိုးမင်းထိုက်၊ (၉)မောင်ကျော်သူရ၊ (၁၀)ဒေါ်ချိုပြုံးတို့အပေါ် ကွယ်လွန်သူ ဦးဝေ့ဒ်ပါကာရှ်(ခ)ဦးကာကာလေးနှင့် ဒေါ်ရမ်နီဒေဗီတို့ ကျန်ရစ်သောပစ္စည်းရပ်တို့အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ အမွေပစ္စည်းအဖြစ်-

(က) မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်၊ အကွက်အမှတ်(၁၇၁)၊ ဦးပိုင်အမှတ်(၃၉-က)ဘိုးဘပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ။

(ခ) မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်း၊ ၂၇လမ်းနှင့်၂၈လမ်းကြား၊ မဟာပိန္နဲဘုရားကျောင်းမြေပေါ်ရှိ တိုက်အမှတ်(၃၃၂)၊ အခန်းအမှတ်(၅)၏ အကျိုးခံစားခွင့်နှင့် ယင်းအခန်းတွင် ဖွင့်လှစ်ထားသော ရွှေသစ္စာတာယာရောင်းဝယ်ရေးလုပ်ငန်း။

(ဂ) စိန်ရွှေလက်ဝတ်ရတနာများ

(ဃ) ယာဉ်အမှတ်(၅က/၈၀၅၅) မော်တော်ယာဉ်တစ်စီးတို့ ကျန်ရစ်ပါသည်ဟု ဖော်ပြတရားစွဲဆိုခဲ့ပါသည်။

တရားရုံးများ စီရင်ပိုင်ခွင့်အာဏာတိုးချဲ့မှုနှင့် ခရိုင်များ ပြင်ဆင်ဖွဲ့စည်းမှုအရ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်(၄၅/၂၀၁၅)သည် အောင်မြေသာစံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၂၇၄/၂၀၂၂)အဖြစ် ပြောင်းလဲခဲ့ပါသည်။

ယင်းအမှု၌ ဦးစိုးဝင်းသည် ကွယ်လွန်သူ ဦးဝေ့ဒ်ပါကာရှ်(ခ)ဦးကာကာလေးနှင့် ဒေါ်ရမ်နီဒေဗီတို့ ကျန်ရစ်သောပစ္စည်းရပ်တို့တွင် (၈၀)ပုံ (၁၉)ပုံ ခွဲဝေရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့ပြီးနောက် ရုံးတော်မှ ကွယ်လွန်သူ ဦးဝေ့ဒ်ပါကာရှ်(ခ)ဦးကာကာလေးနှင့် ဒေါ်ရမ်နီဒေဗီတို့ ကျန်ရစ်သောပစ္စည်းရပ်တို့အပေါ် ကော်မရှင်နာခန့်အပ်ပြီး ပစ္စည်းစာရင်းကောက်ယူစေခဲ့ရာ ကော်မရှင်နာမှ ယာဉ်အမှတ်(၅က/၈၀၅၅) မော်တော်ယာဉ်တစ်စီးသာလျှင် အမွေကျန်ပစ္စည်းဖြစ်သည်ဟု အစီရင်ခံခဲ့ပါသည်။

ကော်မရှင်နာ၏ အစီရင်ခံစာအပေါ် အောင်မြေသာစံခရိုင်တရားရုံးတော်မှ နှစ်ဖက်ကြားနာပြီးနောက် အစီရင်ခံစာပါအတိုင်း (၅က/၈၀၅၅) လိုက်ထရပ်ကားတစ်စီးသာလျှင် အမွေပစ္စည်းဖြစ်သည်ဟု (၂၇-၁-၂၀၂၃)ရက်က အမိန့်ချမှတ်ခဲ့ပါသည်။

အောင်မြေသာစံခရိုင်တရားရုံး၏ (၂၇-၁-၂၀၂၃)ရက်စွဲပါအမိန့်အပေါ် ဦးစိုးဝင်းမှ ကျေနပ်မှုမရှိ၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားမပြင်ဆင်မှုအမှတ်(၁၇၉/၂၀၂၃)အား တင်သွင်းခဲ့ရာ တိုင်းဒေသကြီးတရားလွှတ်တော်မှ ပြင်ဆင်မှုအား ပလပ်သည့်အမိန့်ကို (၂၀-၁၁-၂၀၂၃)ရက်က ချမှတ်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ်(၁၇၉/၂၀၂၃)အား ပလပ်ပြီးနောက် အောင်မြေသာစံခရိုင်တရားရုံးတော်မှ ယာဉ်အမှတ်(၅က/၈၀၅၅) လိုက်ထရပ်ကားအပေါ် ဦးစိုးဝင်းအနေဖြင့် (၈၀)ပုံ (၁၉)ပုံ ခွဲဝေရယူရန် အပြီးသတ်ဒီကရီကို (၁၀-၅-၂၀၂၄)ရက်က ချမှတ်ခဲ့ပါသည်။

အောင်မြေသာစံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၂၇၄/၂၀၂၂)၏ (၁၀-၅-၂၀၂၄)ရက်စွဲပါ အပြီးသတ်ဒီကရီအပေါ် မည်သူကမျှ အဆင့်မြင့်ရုံးတော်သို့ တက်ရောက်ခဲ့ခြင်းမရှိပါ။ ယင်းအပြီးသတ်ဒီကရီသည် တည်မြဲလျက်ရှိနေပါသည်။

ယင်းအမှုတွင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်၊ အကွက်အမှတ်(၁၇၁)၊ ဦးပိုင်အမှတ်(၃၉-က)ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံသည် ကျွန်ုပ်၏အမှုသည် ဒေါ်အယ်နီမြင့်ပိုင် ပစ္စည်းသာဖြစ်သည်ဟု ဆုံးဖြတ်ထားပြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှလည်း ယင်းမြေကွက်အား ကျွန်ုပ်၏အမှုသည် ဒေါ်အယ်နီမြင့်အမည်ဖြင့် ဘိုးဘပိုင်စာအုပ်ထုတ်ပေးထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်၊ အကွက်အမှတ်(၁၇၁)၊ ဦးပိုင်အမှတ်(၃၉-က)ဘိုးဘပိုင်မြေကွက်သည် ကျွန်ုပ်၏အမှုသည် ဒေါ်အယ်နီမြင့်တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်းနှင့် ယင်းမြေကွက်အား ထိပါးနှောင့်ယှက်လာသူ မည်သူကိုမဆို တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်အယ်နီမြင့်**
**၉/မနမ(နိုင်)၀၉၂၅၉၈**

**ဒေါ်အယ်နီမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၇၉၉/၁၉၈၆)**
**အမှတ်(၃၃)၊ ၃၁လမ်း၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ အကွက်(၇၆၃)၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၁၉၄၆၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁)၌ တည်ရှိသော ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်ကြီးသိန်းနွယ်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မိုးအောင်(ဘ)ဦးမောင်ကို(၉/ခမစ(နိုင်)၀၉၈၃၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးလင်းထက်ဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၈၁၃၀)**
**၃၄(A)လမ်း၊ ၃၂(B)လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၈၅၉၂၉၉၃၃၃**

## ဦးထွန်းညိမ်းနှင့်အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၀)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးထွန်းညိမ်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ မြေပေါ်မြေအောက်-အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးထွန်းညိမ်းထံမှ ကျွန်မ ဒေါ်ကြည်ပြာထွန်းက(၂၅-၁၁-၂၀၁၆)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် (၁၃-၁၀-၂၀၂၅)ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးထွန်းညိမ်းနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

| လွှဲအပ်ညွှန်ကြားသူ – | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| ဒေါ်ကြည်ပြာထွန်း(ဘ)ဦးသန်းထွန်း | ဒေါ်မေစင်စုမွန်(LL.B,D.B.L) |
| (၁/မညန(နိုင်)၁၄၂၀၉၁) | တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၉၃) |
| ၆၆အေလမ်း၊ ၁၀၈လမ်းနှင့် | အမှတ်(ဗ–၆/၁၃၅)၊ ကံသာယာရပ်ကွက်၊ |
| ၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ |
| မန္တလေးမြို့။ | ဖုန်း ၀၉-၄၀၂၇၀၄၃၂၉ |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၅)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးလှမောင်(ဘ)ဦးဘို(၉/မနမ(နိုင်)၀၄၂၅၄၇)အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှအနောက်ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ဆွေဦး(ဘ)ဦးအုံးရွှေ(၉/မနတ(နိုင်)၀၄၁၈၃၅)နှင့် ဒေါ်ဖြူသဲ(ဘ)ဦးကျော်မင်း(၉/ခမစ(နိုင်)၀၃၅၄၀၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc, PGDL |

**(အထက်တန်းရှေ့နေများ)**
**၅၃လမ်း၊၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၇၃လမ်းနှင့် ၁၁၇လမ်းထောင့်တွင် တည်ရှိသော အကွက်အမှတ်(ဠ-၁)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊မြေပေါ်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးအိုက်စိုင်း(၁၃/တယန(နိုင်)၀၁၄၆၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| ဦးလူမိုး (ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့) |
|---|---|
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

**အမှတ်(ဒ–၁၁ / ၄၁+၄၄)၊ ၆၃Aလမ်း၊ ၃၉Aလမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၇၀၀၀၇ ၊ ၀၉-၇၉၂၀၇၀၀၀၇ ၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၅)၊ ဦးပိုင်အမှတ်(၁၅-ခ)၊ ဧရိယာ (၀ ဒသမ ၂၉၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ခဲစင်းပြဧရိယာ (၀ ဒသမ ၀၁၆၃)ဧက၊ ဦးပိုင်အမှတ်(၁၆-င)၊ ဧရိယာ (၀ ဒသမ ၀၃၀၈)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ခဲစင်းပြဧရိယာ (၀ ဒသမ ၀၁၇၃)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးညီညီ(ခ)ဦးဟူစိန်(ဘ)ဦးအီဗရာဟင်(၁၃/ကလန(နိုင်)၀၅၀၇၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၁)၊ ဦးပိုင်နံပါတ်(၂၆-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ ဦးသီလှ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ပြုံးပြုံး(ဘ)ဦးငြိမ်း(၉/မနတ(နိုင်)၀၁၂၂၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး LL.B, LL.M | ဒေါ်အိအိမွန် LL.B, LL.M |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် LL.M | ဦးကြည်ယံ LL.M | ဦးစည်သူအောင် LL.B | ဒေါ်သဲမိုမိုထွန်း LL.B |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၁)၊ ဦးပိုင်နံပါတ်(၈၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မြမြဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်မြင့်(ဘ)ဦးရန်ပေါင်း(၉/မကန(နိုင်)၀၈၃၃၈၅)[၎င်း၏ကိုယ်စား ဦးကျော်ဝင်းဌေး(ဘ)ဦးရန်ပေါင်း(၉/မကန(နိုင်)၀၈၃၃၈၄)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး(LL.B,LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင်(LL.M) | ဒေါ်အေးနန္ဒာထွန်း(LL.B) | ဒေါ်မာလာစိုး(LL.B) | ဒေါ်ဖူးသန့်မွန်(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ဒေါ်သန္တာဝင်း၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေနှင့် ဦးအောင်သိန်းဌေး၊ ဦးအောင်မြင့်ထွန်းတို့မှ (၂၂-၉-၂၀၂၅)ရက် ကြေညာချက်အား ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မာလကာခြံရပ်၊ အကွက်(၄၂၈)နေ ဦးတင်မောင်ဆွေ(ဘ)ဦးကျော်ဆွေ(၉/ပသက(နိုင်)၁၄၄၆၆၃)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ပြန်လည်ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၇)၊ဦးပိုင်အမှတ်(၄၂-ဆ)၊ဒေါ်တိုး(ခ)ဒေါ်လှရီ အမည်ပေါက်ဂရန်မြေကွက်၊ဧရိယာ(၀ ဒသမ ၀၁၁၉)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဂရန်အမည်ပေါက်သူ မိခင် ဒေါ်တိုး(ခ)ဒေါ်လှရီ ကွယ်လွန်သွားသဖြင့် ကျန်ရစ်သူ ၎င်း၏ သားသမီးများဖြစ်သော ဒေါ်သန်းသန်းမြင့်၊ ဒေါ်မာမာအေး၊ ဦးကျော်လှိုင်ဝင်းတို့ (၃)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်လာပါသည်။

အထက်ပါ အမွေဆိုင်ဂရန်မြေကွက်အား ဒေါ်သန္တာဝင်း(ဘ)ဦးစိန်ဝင်း(၉/မနတ(နိုင်)၀၀၄၉၀၃)မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ အချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်၍ ၎င်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း(၂၂-၉-၂၀၂၅)ရက်စွဲပါ မန္တလေးသတင်းစာတွင် ကြေညာထားသော ကြေညာချက်အား အမွေဆိုင်များမှ သိရှိရပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်၏ အမွေဆိုင်ဖြစ်သူ ဒေါ်မာမာအေး၏သား ဦးတင်မောင်ဆွေ(၉/ပသက(နိုင်)၁၄၄၆၆၃)ကိုင်ဆောင်သူမှ အထက်ပါမြေကွက်၏ အရောင်းအဝယ်အတွက် ကြေညာထားချက်အား ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါအမွေဆိုင်မြေကွက်အား အမွေဆက်ခံသူ သားသမီးများ၊ မြေးများတို့၏ သဘောတူခွင့်ပြုချက်မပါဘဲ အရောင်းအဝယ် ပြုလုပ်ခြင်း၊ အမည်ပြောင်းခြင်း၊ ပေါင်နှံခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်လာပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဥပဒေအရလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ဆွေ၏ လွှဲအပ်ချက်အရ–**
**ဒေါ်မီမီမော် (LL.B) ဒေါ်နဝါလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း ၀၉-၇၈၈၇၀၆၃၆၉၊ ၀၉-၇၇၁၈၂၀၄၁၇**

❖ စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသောနိုင်ငံသည် အမြဲထာဝရ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံပါ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်က ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ်ရရှိခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများက အားပေးထောက်ခံကြိုဆို၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ ရောက်ရှိ



အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ ရောက်ရှိလာရာ ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် ကျောက်မဲမြို့အား အောက်တိုဘာ ၁ ရက်တွင် တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာ အားပေးထောက်ခံမှုနှင့်အတူ တပ်မတော်စစ်ကြောင်းများအား ကြိုဆိုအားပေးခဲ့ကြသည်။

ကျောက်မဲမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာစည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်အဘက်ဘက်မှ နိမ့်ကျမှုများ၊ တိုက်ပွဲ၏ အန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က

စာမျက်နှာ ၇ သို့ ☆

## မြန်မာ့လက်ရွေးစင်အသင်း Alpine Training Center ၌ စတင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်ရန် ယနေ့ နံနက်ပိုင်းက ရန်ကုန်မှ ဘန်ကောက်သို့ ထွက်ခွာလာခဲ့ပြီး ညနေ ၄ နာရီတွင် Alpine Training Center ၌လေ့ကျင့်မှုများစတင် ပြုလုပ်ခဲ့သည်။ အသင်းတွင် ထိုင်းလိဂ်မှ မောင်မောင်လွင်၊ လွင်မိုးအောင်၊ သန်းပိုင်၊ စိုးမိုးကျော်၊ မလေးရှားလိဂ်မှ ကျော်မင်းဦး၊ ဟိန်းထက်



အောင်တို့ ပါဝင်နိုင်ခြင်း မရှိသေးဘဲ အောက်တိုဘာ ၄ ရက်မှသာ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းလူစာရင်းတွင် ဒဏ်ရာရရှိထားသည့် မလေးရှားလိဂ်မှ ဝေလင်းအောင် ပါဝင်နိုင်ခြင်းမရှိဘဲ ဒဂုံစတားအက်ဖ်စီမှ ရဲရင့်ဖြိုးက လက်ရွေးစင်အသင်းကြီးစာရင်းသို့ ပထမဆုံး ပါဝင်လာခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ဆီးရီးယားနှင့် အာရှခြေစစ်ပွဲ အဝေးကွင်းပွဲစဉ် ကစားရန် အောက်တိုဘာ ၅ ရက်၊ ညနေပိုင်းတွင် ဘန်ကောက်မြို့မှ ဆော်ဒီအာရေဗျနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

(NGB)

0-0-0-0-0

0-0-0

## ယူရိုပါလိဂ် အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်(၂)တွင် ဘက်တစ်၊ လိုင်လီ၊ ဖီနာဘာချီ၊ ဘရာဂါတို့ နိုင်ပွဲကိုယ်စီရယူ

**လန်ဒန် အောက်တိုဘာ ၂**

ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်(၂)တွင် ဘက်တစ်၊ လိုင်လီ၊ ဖီနာဘာချီ၊ ဘရာဂါတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီ ၁၅မိနစ်က ဘက်တစ်အသင်းနှင့် လူဒိုဂိုရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘက်တစ်အသင်းက လူဒိုဂိုရက်စ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘက်တစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၁မိနစ်တွင် လိုဆယ်လ်ဆို၊ ပွဲချိန် ၅၃မိနစ်တွင် ဆွန်(OG) တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပွဲချိန်တူ အခြားပွဲစဉ်များအဖြစ် လိုင်လီအသင်းနှင့် ရိုးမားအသင်းတို့ ပွဲစဉ်တွင်လည်း လိုင်လီအသင်းက ရိုးမားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် လည်းကောင်း၊ ဖီနာဘာချီအသင်းနှင့် နိုက်စ်အသင်းတို့ ပွဲစဉ်တွင်လည်း ဖီနာဘာချီအသင်းက နိုက်စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် လည်းကောင်း၊ ဆဲလ်တစ်အသင်းနှင့် ဘရာဂါအသင်းတို့ ပွဲစဉ်တွင်လည်း ဘရာဂါအသင်းက ဆဲလ်တစ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

(NGB)

